
www.burmeseclassic.com




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ ဟောကြားဆုံးမတော်မူအပ်သောတရားတော်

# ဝေဒနာကင်းအောင်ရှုပါ သေရင်သုဂတိနဲ့နိဗ္ဗာန်

၉၉

အဿဇိရဟန်း

ဟောကြားသည့်နေ့

၃-၁-၅၈

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဝေဒနာကင်းအောင် ရှုပါ

# သေရင် သုဂတိနဲ့ နိဗ္ဗာန်

(အဿဖိရယာန်း)

(၃-၁-၅၈)

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက် အမှတ် - (၂၉၅/၂၀၀၀) (၅)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၅၇/၂၀၀၀ (၅)

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၃၀၀၀

ခုနှစ် - ၂၀၀၀ ခု၊ မေလ

တန်ဖိုး - (          )

ထုတ်ဝေသူ ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄


www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားသော တရားတော်

# ဝေဒနာကင်းအောင် ရှုပါ

# သေရင် သုဂတိနဲ့ နိဗ္ဗာန်

(အဿဇိရဟန်း) (၃၊ ၁၊ ၅၈)

ကိုင်းစကြစို့ - ဝက္ကလိကပြီးသွားပြီ၊ ဝက္ကလိကိုဘုရားပူဇော်ထိုက် မပူဇော်ထိုက်ဆိုတာတွေ ခွဲခြားဝေဖန်ပြီးပြီ၊ ဝက္ကလိ ပရိနိဗ္ဗာန်စံပုံကိုလည်း ပြောပြီးပြီ၊ ဒီနေ့ဘာပြောရမှာလည်းလို့ မေးတဲ့အခါကျတော့ ဝက္ကလိနဲ့ဆင်တူရိုးမှားပါပဲ။

ဆင်တူယိုးမှားပေမဲ့ သမထရှေ့သွားပုံ၊ အများကြီး ထူးခြားပြီးသကာလနေတယ်လို့မှတ်ရမယ်၊ ကိုင်း ဒီဝတ္ထုကို ရှေးဦးစွာနားထောင်လိုက်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## အသဃဗိရဟန်း

ဘယ်လိုနားထောင်ရမလဲလို့မေးတဲ့အခါ ရာဇဂြိုဟ်ပြည်မှာ ယောသိတာရုံကျောင်းတိုက်ဆိုတာရှိတယ်၊ အဲ့ဒီယောသိတာရုံကျောင်းတိုက်မှာ အသဃဗိဆိုတဲ့ရဟန်းက ရှိတယ်။

အဲ့ဒီအသဃဗိဆိုတဲ့ရဟန်းသည်ကားဆိုရင်ဖြင့် မမာပြီး သကာလလာတယ်လို့ မှတ်ပါ။

အဲ့ဒီအသဃဗိဆိုတဲ့ရဟန်းကမမာပြီးသကာလ လာတဲ့အခါဝက္ကလိလိုပဲ သူ့အနားရှိတဲ့ သံဃာတွေကိုပြောပြတယ် ငါကွာမမာတာက အင်မတန်ပြင်းထန်နေတယ်။ ဒါကြောင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးထံ ငါက ရှိခိုးလိုက်တယ်ဆိုပြီးသကာလ ဘုရားကိုလည်း မင်းတို့ကမေးကြ၊ ကျန်းမာပါရဲ့လား ချမ်းသာပါရဲ့လားလို့လည်းမေး ရှိခိုးလိုက်တယ်ဆိုတဲ့ အကြောင်းလည်းပြောပါ။

BURMESE CLASSIC

## ဘုရားထံလျှောက်ခိုင်းတယ်

အသဃဗိသည် မမာပြီးသကာလနေပါတယ်၊ အဲ့ဒီမမာပြီးသကာလနေတဲ့အတွက် သနားသောအားဖြင့် အသဃဗိထံခေတ္တကြွပါလို့ မင်းတို့ကပင့်ပါ၊ အဲဒီကဲ့သို့ ခိုင်းလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းလိုက်တဲ့အခါကျတော့ အဿဇိဆိုတဲ့ပုဂ္ဂိုလ် ခိုင်းလိုက်တဲ့အတိုင်း ရဟန်းတွေကလည်းတဲ့ မမာနေတာပဲ၊ ဒီ့က ရွက်ဆောင်ရမယ်ဆိုပြီးသကာလ ရဟန်းတွေကဆိုင်ရာ ဆိုင်ရာအလုပ်ကို မှာလိုက်တဲ့အတိုင်း ရွက်ဆောင်ကြတယ်။

## လူမမာမေးကြွတော်မူတယ်

ထိုကဲ့သို့ရွက်ဆောင်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိတယ်၊ အင်းမမာတာပဲ မမာတာဆိုတော့ လူမမာမေးတဲ့ဝတ္တရားသည် အလွန်အဖိုးတန်တဲ့ဝတ္တရား ဖြစ်တယ်၊ ဒါရှေးဘုရားလောင်းသူတော်ကောင်းတွေ ဂိလာနကို ရွက်ဆောင်ရတယ်ဆိုတာလည်း ကျေးဇူးများတယ်၊

ဒါကြောင့် ဂိလာန ရွက်ဆောင်တဲ့အလုပ်ကိုဖြင့် ငါလုပ်မယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ယောသိတာရုံကျောင်းမှာပဲ အဿဇိရှိရာဌာနသို့ ကြွလာတယ်လို့ ဒကာဒကာမတွေက မှတ်ပါ။

အဲ့ဒီအတွက် အဿဇိရှိရာဌာနကို ကြွလာတော့ အဿဇိက ဘုရားကြွလာတယ်ဆိုရင်ပဲ နေရာထိုင်ခင်းတွေ သူ့နေတဲ့ ကုတင်ပေါ်က ဆင်းမယ်လို့ လုပ်တယ်၊ ဟော. . မဆင်းနဲ့ မဆင်းနဲ့ မင်းကလူမမာကွ ငါ့မှာနေစရာထိုင်စရာ တွေရှိတယ် မင်းသည်းခံပြီးသကာလ မင်းနေရာသာ မင်းနေပါ။

www.burmeseclassic.com

www.burmeseclassic.com



နေစရာထိုင်စရာရှိပါတယ်လို့ ဘုရားက ပြောလိုက်တယ်၊ ပြောလိုက်ပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ထုံးစံအတိုင်း မေးတာပေါ့။

## မင်းဝေဒနာဘယ်လိုနေသလဲ

အသဇိမင်းဝေဒနာဟာ ဘယ်လိုနေသတုံးကွ မင်းဝေဒနာနေပုံအချင်းရာကာလ ပြောစမ်းပါဦး၊ ရှေ့အစဉ်သာတက်သလား၊ နောက်ပဲဆုတ်နေသလား မေးလိုက်တယ်။

တပည့်တော် ဝေဒနာကတော့ တခြားမဟုတ်ပါဘူး နောက်ကို နည်းနည်းမှ ဆုတ်တဲ့သတ္တိမရှိပါဘူး၊ ရှေ့သို့သာ လျှင် တိုးပြီးသကာလ နေတဲ့အတွက် တပည့်တော်မှာဖြင့် မချမ်းသာမှု မကျန်းမာမှုတွေသည် အင်မတန်မှဆိုးပြီးနေပါတယ်လို့ သူကလျှောက်တယ်။

ကောင်းပြီကွာဆိုပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝက္ကလိမေးသလိုပဲ ဒကာဒကာမတို့ ထုံးတမ်းအတိုင်း မေးပြန်တယ်။

## မင်းစိတ်ထဲနှလုံးမသာယာမှုရှိသလား

မင်းစိတ်ထဲ နှလုံးမသာယာမှု သောကဖြစ်မှုတွေများ ရှိသေးသလား? ကွ. . (တပည့်တော် အထူးတော့ မရှိပါဘူး

www.burmeseclassic.com

www.burmeseclassic.com


ဘုရား) အထူးမရှိဘူးဆိုတော့ မင်းရှိတယ်ဆိုတာ သက်ရောက်နေတယ် အဲ့ဒီရှိတာလေးကို ငါ့လျှောက်တာပေါ့၊ ဒီမှာကွာ မင်းရှိတာလေးကို ငါမေးပါရစေ။

မင်းအခုဝေဒနာလည်း ရောက်ပြီးသကာလနေတယ် အဲ့ဒီဝေဒနာကရောက်ပြီးသကာလနေတော့ သေရတော့မယ်။

## သီလပျက်မှုရှိသလား

သေရတော့မယ်ဆိုတော့ မင်းသီလပျက်တာကိုများ မင်းစိတ်ထဲမှာ သံသယရှိသလား၊ အကျင့်ပျက်တာတွေကို သံသယပေါ်လာသလား၊ မေးလိုက်တယ် ဒကာဒကာမတို့။

ဘာမေးပါလိမ့် ဒကာဒကာမတို့ . . သီလပျက်တာရှိသလား၊ အကျင့်ပျက်တာရှိသလားလို့ မေးလိုက်တယ်၊ အဲတော့ ဒီအမေးမျိုးကို မနေ့ကလည်း ပါပါတယ်။

## ဒီအမေးမျိုးဘာ့ကြောင့်မေးရသလဲ

ယနေ့ ဒကာဒကာမကို ရှင်းချင်တာက ဒီအမေးသည် ဘုရားက ဘာဖြစ်လို့လူမမာတိုင်းကို မေးရသတုံးလို့ ဆိုတဲ့ဥစ္စာဟာ အချိန်ရောက်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဦးတစ်ယောက် သေတော့မယ်ဆိုရင်ဖြင့် ကိုယ့်ကိုယ်စွပ်စွဲတဲ့ အသွားဟာ ဒကာဒကာမတွေ အဆိုးဆုံးပဲ၊ မှတ်မိကြပလား (မှတ်မိပါပြီ) ဘာပါလိမ့်. . . (ကိုယ့်ကိုယ်ကိုယ်စွပ်စွဲတာအဆိုးဆုံးပဲ)

ဩော် ငါကဘယ်လိုနေခဲ့တာပဲ၊ ဘယ်လိုထိုင်ခဲ့တာပဲ၊ ဘယ်လိုမှားခဲ့တာပဲ၊ ဘယ်လိုဆိုးခဲ့တာပဲ၊ ဘယ်လိုတေခဲ့တာပဲ၊ ဘယ်လိုပေခဲ့တာပဲလို့ ကိုယ့်ကိုယ်ကိုယ် စွပ်စွဲပြီးသကာလ မှားခြင်းမတ္တနဲ့ စိတ်မချမ်းသာမှုရှိတတ်တယ် သဘောကျပလား (ကျပါပြီ)။

## ဖြစ်တတ်လို့ဘုရားကမေးတာ

အဲတော့ ဘုန်းကြီးက ဒကာဒကာမတွေကို ဆရာကောင်းတွေဖြစ်တော့၊ ဘုန်းကြီးကဆုံးမတယ်၊ ဘုရားကဖြစ်တတ်လို့မေးတယ်ဆိုတာတော့ သဘောကျကြပြီ (ကျပါပြီဘုရား)။

ဘုရားကဒီပုဂ္ဂိုလ်တွေဟာ ကိုယ့်ကိုယ်ကိုယ် စွပ်စွဲတတ်တယ်၊ ငါမှားမိလေခြင်း၊ ငါလုပ်တာဒီအတိုင်းပဲဟာ၊ ငါ့မှာဖြင့် မတရားအလုပ်တွေက တော်တော်များခဲ့တယ်၊ မသိတုန်းက အတော်များခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအမှားတွေသည်ကားလို့ဆိုလို့ရှိရင် ခက်ရချေရဲ့ သေခါနီးအခါကာလမှာ ကိုယ့်ကိုယ်ကိုယ် စွပ်စွဲတတ်တယ် ဆိုတော့ ဒကာ့ဒကာမတို့ အခုလို ဆရာကောင်း သမား ကောင်းကပြောဆိုနေတာ ဘုရားကလည်း မေးနေတာ ထောက်တော့၊ လာတတ်တဲ့သဘောပဲ၊ ရှင်းကြပလား (ရှင်းပါပြီ)။

## ဘယ်လိုလာတတ်ပါလိမ့်

ဘယ်လိုလာတတ်ပါလိမ့် . . (ကိုယ်လုပ်ခဲ့တာတွေပါ) ကိုယ်လုပ်ခဲ့တာဟာလည်းပဲ၊ ပြန်တွေးလိုက်တဲ့အခါကျတော့ ကိုယ်လုပ်တာတွေဟာ ပေါ်ပေါ်လာတတ်တယ်၊ ပြောခဲ့တာတွေ အပြောမှား၊ အဆိုမှား၊ အထင်မှား၊ အထိုင်မှားတွေ မရှိပေဘူးလား . . (ရှိပါတယ်)။

အဲဒါတွေ သေခါနီးအခါကာလမှာ ကိုယ့်ကိုယ်ကိုယ် စွပ်စွဲတဲ့သဘောပေါ်တတ်တယ်၊ အဲဒါကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဟော့-အဿဇိ မင်းကိုယ်မင်း သီလ သဘောနဲ့များ စွပ်စွဲသလား၊ ဒါသီလပျက်လို့စွပ်စွဲတာနော်။

www.burmeseclassic.com

www.burmeseclassic.com



## သီလနဲ့အကျင့်အပေါ်မှာ သံသယမရှိဘူးတဲ့

မင်းကိုယ်မင်း သီလသဘောနဲ့စွပ်စွဲတဲ့ ဝိပရိဏာမ် ဆိုတဲ့ နှလုံးမသာယာမှုရှိနေသလား မရှိဘူးလားဆိုတာ မေးတယ်။ တပည့်တော်မှာ ဘာမှမရှိပါဘူးဘုရား ကိုယ့်သီလ တွေ၊ ကိုယ့်အကျင့်တွေအပေါ်မှာတော့ သံသယမရှိပါဘူး ဆိုတော့ ပြေလည်မသွားဘူးလား ဒကာဒကာမတို့. . . (ပြေလည်သွားမှုပါတယ်ဘုရား)။

အဲဒီမှာ ဘုန်းကြီးကစကားသွင်းတယ်၊ ဒီကြားမှာ ဘုန်းကြီးကစကားသွင်းတယ် အားလုံး ဒကာဒကာမတွေ ဒီစကားကို နားထောင်ပါ ဘယ်နှယ်ကြောင့် ဒီအကြားမှာ ဘုန်းကြီးက စကားသွင်းရသလဲလို့ မေးတဲ့အခါကျလို့ရှိရင် ခင်ဗျားတို့ လူဆိုတာ မမှားတဲ့ပုဂ္ဂိုလ်၊ မသေသော ဆေးသမား ဆိုသလိုပေါ့ဗျာ။

မမှားသောပုဂ္ဂိုလ်၊ မသေသောဆေးသမားဆိုတာ ဘယ်သူမှမရှိဘူး၊ ရှိကြတာချည့်ပဲ ဘယ်လူမရှိတဲ့ပုဂ္ဂိုလ်လို့ ဒီအတိုင်း ရှုပ်မြင်ပြစရာရှိကြရဲ့လား. . . (မရှိပါဘူး)

မရှိတော့ ဘယ်သူဖြစ်ဖြစ်၊ မသိမှား၊ အမိုက်မှားမရှိ ကြပေဘူးလား (ရှိပါတယ်ဘုရား) ရှိပေမဲ့တဲ့ ဘုန်းကြီးများက ဆုံးမတယ်၊ ဒကာဒကာမတွေ ဒါကိုမကြောက်ပါနဲ့ ဒါကို မကြောက်ပါနဲ့တဲ့။

www.burmeseclassic.com

www.burmeseclassic.com



**ဝေဒနာဟာအနိစ္စလို့သာရှုပါ။**

ကိုယ့်ခန္ဓာကိုယ်၊ အခုဝေဒနာရောက်နေတယ်၊ ဝေဒနာဟာ အရေးကြီးတယ် အနိစ္စပဲဆိုတာလေးသာ မပျောက်ဖို့ အရေးကြီးတယ်၊ သဘောကျပလား. . (ကျပါပြီ)။

ဘာအရေးကြီးသလဲ (အနိစ္စပဲဆိုတာ မပျောက်ဖို့ပါ ဘုရား) ဝေဒနာကတော့ ဒီအချိန်မပေါ်ဘူးလား၊ ပေါ်မလား . . . (ပေါ်မှာပါဘုရား) ပေါ်မှာပဲ။

ဒီအချိန်ပေါ်တော့ ခင်ဗျားတို့က ဘယ်နှယ်လုပ်ကြမယ်. . (အနိစ္စ ရှုရပါမယ်) ဒါဖြင့် ဝေဒနာပေါ်လာ ပေါ်လာရင် ဘာလုပ်ကြမယ် (အနိစ္စ ရှုရပါမယ်) ဘယ် ဝေဒနာပေါ်လာပေါ်လာ အနိစ္စလို့ ဒါလေးမပြတ်ဖို့ပဲ အရေးကြီးတယ်။

ဒီပြင်ဟာတွေဟာ မပေါ်ချင်နေ ရှင်းကြပလား. . . (ရှင်းပါပြီ) ဒီပြင်ငယ်တုန်းကမိုက်တာဆိုးခဲ့တာတွေ (မပေါ်စေနဲ့) ဘာကိုသာအရေးတကြီး ထားရမလဲ (ဝေဒနာရဲ့ အနိစ္စ အရေးတကြီးထားရပါမယ်)။

အင်း. . . ခင်ဗျားတို့သန္တာန်မှာ ပေါ်လာတဲ့ နာတယ်ဆိုရင် နာတဲ့ဝေဒနာကလေးကို သြော်. . . ဖြစ်ပြီးပျက်တဲ့ အနိစ္စ၊ နည်းနည်းသက်သာတယ်ဆိုပြန်တော့ သက်သာတယ်ဆိုတဲ့ ဝေဒနာကလေးကို ဖြစ်ပြီးပျက်တဲ့အနိစ္စလို့ ရှုပေး။

www.burmeseclassic.com

www.burmeseclassic.com



ဒါသာမပျောက်စေနဲ့ ဒါမပျောက်လို့ရှိရင် သူ့သည် ဝိပဿနာအရှုနဲ့ သေသွားမယ်၊ ဟိုဟာတွေ တွေးတောနေရင် ဒေါသဇောနဲ့ သေမယ်၊ သဘောကျပလား . . . (ကျပါပြီ)

## သေတတ်ကြပလား

ကိုယ်မှားခဲ့တာတွေကြည့်ရင် ဘာနဲ့သေမယ် . . . (ဒေါသဇောနဲ့ သေမှာပါဘုရား) အဲဘုန်းကြီးဟောတဲ့အတိုင်း ဘုရားဟောတဲ့အတိုင်း ဝေဒနာတွေရှုသေမယ်ဆိုရင် . . . (ဝိပဿနာနဲ့သေမှာပါ) သေတတ်ကြပလား . . (သေတတ်ပါပြီ)။

ဒါအင်မတန်အရေးကြီးလို့ပြောပါတယ်၊ ဦးဘအောင် အရေးမကြီးဘူးလား . . . (ကြီးပါတယ်)၊ ခင်ဗျားတို့ဘယ်သူမှမမှားတဲ့ ပုဂ္ဂိုလ်ဒီအထဲမှာ တစ်ယောက်မှမရှိဘူး . . . ဘုန်းကြီးကစပြီးသာ၊ စွဲချက်တင်လိုက်ပါတော့။

ဘယ်သူမှမမှားဘူးတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ သဘောကျပလား (ကျပါပြီ) မှားဘူးတဲ့ပုဂ္ဂိုလ်ချည့်ပဲလို့ မဆိုနိုင်ကြဘူးလား . . . (ဆိုနိုင်ပါတယ်)။

ဒီအသွားတွေကို ပြန်တွေးနေမယ်ဆိုရင် တွေးတဲ့အခါ တွေးလုံးကြောင့်သောက၊ ဒေါသ၊ မလာပေဘူးလား . . . (လာပါတယ်) ဒါဖြင့် ဒီသောကဒီဒေါသ အပယ်

www.burmeseclassic.com



မြောက်ပြီ (မြောက်ပါပြီ) အေးသူများကြောင့်အပါယ်ကျဒါလား၊ ကိုယ်ဟာကိုယ်တွေးလုံးကြောင့် အပါယ်ကျတာလား . . . (တွေးလုံးကြောင့်ကျတာပါ)။

ဒါဖြင့်ဒါတွေဖြုတ်ပြီး၊ တွေးလုံးပြောင်းလိုက် (မှန်ပါ့) ဘယ်လိုပြောင်းကြမယ် (တွေးလုံးပြောင်းရပါ့မယ်ဘုရား) ပေါ်တဲ့ဝေဒနာကို ဘာလုပ်ရမယ် (ဝိပဿနာ ရှုရပါမယ်ဘုရား) ဒီလိုပြောင်းလိုက်တော့လည်း ပြီးမသွားဘူးလား (ပြီးသွားပါတယ်ဘုရား)။

## သေခါနီးမှာ ဒီအတွေးတွေကနှိပ်စက်တတ်တယ်

ဒါက၊ သေခါနီးမှ ဒီတွေးလုံးကနှိပ်စက်တတ်လို့ ဘုရားက၊ လူမမာမေးလာပြီးသကာလ ဟောတိုင်းဟောတိုင်း မင်းကိုယ်မင်းစွပ်စွဲသလား ဆိုတဲ့မေးခွန်းဟာ မနေ့ကလည်း မလာဘူးလား၊ (လာပါတယ်) ဒီနေ့ကော (လာပါတယ်)။

ဒါဘယ့်နှယ်ကြောင့် ဘုရားသခင်ကိုယ်တော် မြတ်ကြီး၊ ဒီအရေးကိုအရေးတကြီးထားပြီး မေးရပါသလဲဆို တော့လာတတ်လို့၊ ရှင်းကြပလား (ရှင်းပါပြီ)

အဲတော့ဘုန်းကြီးပြောတာ၊ သားလည်းမစွဲနဲ့၊ သမီး လည်းမစွဲနဲ့၊ ရှေးကဟာတွေလည်း မတွေးနဲ့ ဟုတ်လား၊ ပြန်ပြီးတွေး တောပြီး သကာလမနေနဲ့၊ ယခုလက်ရှိဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com



ကဖြင့် ကိုယ့်ခန္ဓာထဲရှိတာအမှန်ပဲ၊ သဘောကျပလား . . . (ကျပါပြီ)။

ဝေဒနာဘယ်နှစ်မျိုးရှိတတ်သလဲ . . . (သုံးမျိုးပါဘုရား) သို့သော်မမာတဲ့အခါ ဘယ်ဝေဒနာပြင်းထန်သလဲ . . . (ဒုက္ခဝေဒနာပါဘုရား) အဲဒီဒုက္ခဝေဒနာပြင်းထန်တာလေးကို၊ ဒကာဒကာမတွေက၊ ဒါဝေဒနာမဟုတ်ပါဘူးကွ . . .၊ အနိစ္စလေးတစ်ခုပြတာပါ၊ သဘောကျပလား (ကျပါပြီ)။

ဝေဒနာလား၊ အနိစ္စလား . . . (အနိစ္စပါဘုရား) ဘုရားကဟောထားတယ် သဗ္ဗေသင်္ခါရာအနိစ္စလို့ဟောတယ်၊ သဗ္ဗေသင်္ခါရာအနိစ္စလို့ဟောထားတော့ ဘုန်းကြီးတို့ဒကာဒကာမတွေက ပေါ်လာတာလေး အနိစ္စ ဖြစ်အောင်သာရှုဖို့အရေးကြီးတယ်၊ (မှန်လှပါ)။

ဒီပြင်ဟာတွေဘာမှ မတွေးနဲ့ဆိုတာ၊ အခုထဲက စောစောစီးစီး ပိတ်ပင်လိုက်တယ်၊ ပိတ်ပင်သင့်မပိတ်ပင်သင့် . . . (ပိတ်ပင်သင့်ပါတယ်)

## ကိုယ့်တွေးလုံးကြောင့်အပါယ်သွားတာ

အပါယ်သွားကြတယ်ဆိုတာသည်၊ ဒကာ ဒကာမတို့ ကိုယ်ကလုပ်တဲ့ အကုသိုလ်ကံကပြီးပြီ၊ ကိုယ့်တွေးလုံးတွေ

www.burmeseclassic.com

www.burmeseclassic.com



သွားတာ (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

ကိုယ်ကလုပ်ခဲ့တဲ့ ကံကသွားတာလား၊ ကိုယ့်တွေးလုံးကြောင့်သွားတာလား၊ (ကိုယ့်တွေးလုံးကြောင့် သွားတာပါဘုရား) ဒြော်ဒါဖြင့်ကိုယ့်ကိုယ်ကိုယ် လှံနဲ့ထိုးတဲ့ အစိပ္ပါယ်မရောက်ဘူးလား . . . (ရောက်ပါတယ်)။

ဒါဖြင့်ဒီတွေးလုံးဟာ တွေးချင်စရာလား . . . မတွေးချင်စရာလား. . . (မတွေးချင်စရာပါဘုရား) ဒါဘာကြောင့်တွေးပြီး နေကြသတုံးလို့ မေးလို့ရှိရင်ဖြင့်တဲ့၊ အခုလို ပြောင်းပေးမဲ့ ပုဂ္ဂိုလ်မရှိလို့တွေးတာ၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ဘယ်လိုပြောင်းရှုရမလဲ

ကိုင်း-ဘယ်လိုပြောင်းကြမလဲ. . . ဝေဒနာတွေ့ရင် ဝေဒနာအနိစ္စပေါ့ဗျာ၊ ရုပ်တွေ့ရင် ရုပ်အနိစ္စပေါ့၊ ပူတာအေးတာတွေ့လို့လိုက်ရှုနေရင်ကော မရလား. . . (ရပါတယ်)။

ဝေဒနာတွေပေါ်တိုင်း ပေါ်တိုင်း ရှုရင်ကော (ရပါတယ်) စိတ်တွေပေါ်တိုင်းပေါ်တိုင်း ရှုရင်ကော. . . (ရပါတယ်) အဲဒါလက်ရှိပဲ မဟုတ်လား (ဟုတ်ပါတယ်) လက်မဲ့လား. . . လက်ရှိလား. . . (လက်ရှိပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြုလို့လက်ရှိလို့ ဆိုကြမလဲ၊ ဒီခန္ဓာနဲ့ တစ်စပ်တည်းဖြစ်မနေဘူးလား (ဖြစ်ပါတယ်) အဲတော့ ဒီခန္ဓာကို ဉာဏ်လှည့်လိုက်ရင် မပြီးဘူးလား. . . (ပြီးပါတယ်)။

## မဂ်ဇောနဲ့ သေကြပါ

အဲတော့ အနိစ္စနဲ့ မဂ္ဂနဲ့ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်) ခန္ဓာကိုယ်က အနိစ္စ၊ ရှုတာက. . . (မဂ္ဂပါဘုရား) ဒါဖြင့် မဂ်ဇောနဲ့ သေလိုက်ပါလားလို့ ဘုန်းကြီးက ပြောလိုက်တယ်၊ သဘောကျပလား. . (ကျပါပြီ)။

မဂ်ဇောနဲ့သေရင် သေခါနီးမှာလည်း ရဟန္တာ ဖြစ်နိုင်တယ်။ အကယ်၍ ရဟန္တာမဖြစ်ရင် သုဂတိသေချာတယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီ) ဘယ်လိုရှင်းပါလိမ့်. . . (ရဟန္တာမဖြစ်ရင် သုဂတိသေချာပါတယ်ဘုရား)။

နည်းနည်းညံ့ရင် သုဂတိဟုတ်လား၊ ကဲ - ဆရာဘုန်းကြီးပြောထားတဲ့အတိုင်း ယခုအချိန်ကစပြီးသကာလ လေ့လာကြမယ်ဆိုရင်ဖြင့် သေခါနီး ရဟန္တာဖြစ်တာလည်း ခင်ဗျားတို့ ဟောပြီးသားပြောပြီးသားဖြစ်နေပြီ ရှင်းနေတယ် မို့လား. . . (ရှင်းပါတယ်)။

ကောင်းပြီ ဒကာဒကာမတို့ သေခါနီးပြောင်းတတ်ပလား. . . (ပြောင်းတတ်ပါပြီ) ဘယ်လိုပြောင်းတတ်လဲ.

www.burmeseclassic.com

www.burmeseclassic.com



(ဝေဒနာပေါ်ရင် အနိစ္စရှုရပါမယ်) အဲဒါဘုန်းကြီးကဝေဒနာသန့်လို့ ဝေဒနာပြောတာမဟုတ်ဘူး၊ ခင်ဗျားတို့ကိုယ်တိုင် ဒီအချိန်မှာ ဒါပဲအကြီးဆုံး တွေ့ရမယ်။

ဒီပြင်ဘာတွေ့စရာ ရှိသေးလဲ (မရှိပါဘုရား) ဝေဒနာဟာဖြင့် ခင်ဗျားတို့အခုကတည်းက ဝေဒနာ မဟုတ်ဘူးဖြစ်ပျက်ပဲ၊ ညာဏ်ရအောင်လုပ်ထားပါ။

## အခုအချိန်ဘာလုပ်ထားရမလဲ

အခုအချိန်မှာ ဘာလုပ်ထားရမလဲ (ဝေဒနာမဟုတ်ဘူး ဖြစ်ပျက်လုပ်ထားရပါမယ်) ဖြစ်ပျက်ဆိုတာ အနိစ္စနော်။

ဒါဖြင့် အခုအချိန်မှာ လုပ်ထားမယ်ဆိုတော့ဟိုအချိန်ကျရင်လည်း ဒီဇောနဲ့ ဒီရှုနည်းမျိုးကော မလာပေဘူးလား. . . (လာမှာပါဘုရား) ဒါဖြင့် ကြောက်စရာရှိသေးသလား. . . (မရှိပါဘူး)။

ဘာဇောနဲ့သေမလဲ. . . (မဂ်ဇောနဲ့ပါဘုရား) ဝိပဿနာ မဂ်ဇောနဲ့မသေဘူးလား. . . (သေမှာပါဘုရား)

www.burmeseclassic.com

www.burmeseclassic.com



## အောက်ဆုံးသုဂတိ၊ အထက်ဆုံး နိဗ္ဗာန်

ဒါဖြင့် ဝိပဿနာမဂ်ဇောနဲ့သေတော့ ခုနင်တုန်းက နှလုံးမသာယာမှုနဲ့တွေးနေရင် အပါယ်သွားရမယ် အခုတော့ ဘယ်သွားရမလဲ. . . (သုဂတိဘုံကို သွားရပါတယ်) အောက်ဆုံး သုဂတိ၊ အထက်ဆုံးနိဗ္ဗာန်မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ်)။

ကောင်းပြီဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အားငယ်စရာရှိရဲ့လား. . . (မရှိပါဘူး) ဩော် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် လူမမာမေးတိုင်းမေးတိုင်း မင်းကိုယ်မင်း စွပ်စွဲသလားလို့ ဘုရားကမေးတိုင်းမေးတိုင်း ဒကာဒကာမတွေက ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

ဩော် စွပ်စွဲတတ်လို့ပဲ၊ သဘောကျပလား (ကျပါပြီ) ဘယ်လိုကြောင့်ပါလိမ့်. . . (စွပ်စွဲတတ်လို့ပါ)။

မစွပ်စွဲတတ်ရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးဖို့လိုသေးလား (မလိုပါဘုရား)။

ကောင်းပြီ ဒါဖြင့် စွပ်စွဲတတ်လို့မေးတော့ကို ဘုန်းကြီးက ပြင်ပေးလိုက်မယ်၊ အခုပြင်ပေးလိုက်တာ ကျေနပ်ပလား. . . (ကျေနပ်ပါပြီ) ဘာရှုကြမလဲ (ဝေဒနာရှု ရပါမယ်) ဝေဒနာဖြစ်ပျက်ရှုရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီဒါဖြင့် ဝေဒနာဖြစ်ပျက်ရှုပြီးသကာလ သွားလိုက်လို့ရှိရင်ဖြင့် ဒကာဒကာမတို့ သုဂတိနဲ့ နိဗ္ဗာန် တစ်ခုခုပဲ (မှန်ဖို့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒါတော့ ဘုန်းကြီးကရှေ့သွားပြပြင်တယ်၊ ဒီဝတ္ထုမှာ ကိုပြင်ပေးတာလာလိမ့်မယ်၊ ဒီနေ့ ဝတ္ထုမှာကို၊ ဒကာဒကာမ တို့ ရှေ့ကလာဦးမယ်လို့ မှတ်ထားပါ။

ဒါတဲ့ မင်းကိုယ်မင်း စွပ်စွဲသလားလို့ မေးတော့ မစွပ် စွဲပါဘူးဘုရားတဲ့၊ ဒါဖြင့် မင်းက ဘာလို့ နှလုံးမသာယာခြင်း ဖြစ်နေရတာလဲကွတဲ့။

## အာနာပါနအားထုတ်တဲ့ပုဂ္ဂိုလ်၊

အခုလို နှလုံးမသာယာခြင်းဖြစ်တာ တခြားမဟုတ် ပါဘူးဘုရား၊ တပည့်တော် နဂိုက အာနာပါနအားထုတ်တဲ့ ပုဂ္ဂိုလ်ပါတဲ့၊ အသဖိက အသဖိက ဘယ်လိုလျှောက်သလဲ (အာနာပါန အားထုတ်ပါတယ်)။

အဲဒါအာနာပါန အားထုတ်တယ်တဲ့ ယခု တပည့်တော် ဝေဒနာရောက်ပြီးသကာလ လာတော့ အာနာ ပါနအားထုတ်ပြီးသကာလစမယ်လို့ အာနာပါနအာရုံတွေပဲ ယူတော့မယ် ဝေဒနာဘက်ဖြင့် မလှည့်တော့ပါဘူးဆိုတော့ တပည့်တော်ဝေဒနာပြင်းထန်လာတာနဲ့ အာနာပါန် အရင်လို

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ကြည့်လို့ မရတော့ဘူး သဘောကျပလား. . . (ကျပါပြီ) ဘာပါလိမ့် (အရင်လိုအာနာပါနမရတော့ပါဘူးရား)။

## ဝေဒနာလာရင်အာနာပါနနှင့်ပေါက်ခဲ့တယ်

တပည့်တော် ရှေးကတဲ့ ကျန်းမာစဉ်တုန်းကတော့ ဘာဝေဒနာလာလာ အာနာပါနနဲ့ပေါက်ပစ်လိုက်လို့ရှိရင် ပျောက်ထွက်သွားပါတယ် သဘောကျပလား (ကျပါပြီ) ဘာနဲ့ပျောက်သလဲ. . . (အာနာပါနနဲ့ပျောက်ပါတယ်)။

အခုတော့ ဘယ်အခြေအနေဆိုက်နေသလဲ (အာနာပါနလုပ်လို့မရပါ) အာနာပါနလုပ်လို့မရဘူး အဲဒါကြောင့် ငါဖြင့် ကမ္မဋ္ဌာန်းလက်လွတ်ပေါ့ဆိုပြီး သကာလ မချမ်းသာတာ အဲဒါပါပဲဘုရား ဘယ်သူက လျှောက်သလဲ (အသဲဇိကပါဘုရား) တယ်လဲမှတ်စရာ ကောင်းသဗျာ (ကောင်းပါတယ်)။

ဒကာဒကာမတွေ မှတ်စရာမကောင်းဘူးလား (ကောင်းပါတယ်) သူနေ့တိုင်း ဘာအားထုတ်လေ့ရှိသလဲ. . (အာနာပါနပါဘုရား) အခုဝေဒနာစတဲ့အခါကျတော့ ဘယ်နှယ်ဖြစ်နေသလဲ (အားထုတ်လို့မရပါဘုရား) အာနာပါန အားထုတ်လို့မရဘူးတဲ့ ဒကာဒကာမတို့ ဘာအား ထုတ်လို့မရပါလိမ့် (အာနာပါနပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com.



## အခုတော့ ဒုက္ခရောက်ရတော့မယ်

အဲဒါသူ့စိတ်ထဲ ငါ့ ကမ္ဘဌာန်းတွေပျက်ကုန်ပြီ ငါတော့ ဒုက္ခရောက်တော့မှာပဲ ဒီလိုသံသယရှိလာတယ် အင်း ကမ္ဘဌာန်းတွေပျက်ကုန်ပြီ ငါတော့ ဒုက္ခရောက်တော့မှာပဲ။

အဲဒါကြောင့် နှလုံးမသာယာမှုဟာဖြင့် တပည့်တော်မှာဖြင့် တာ၀န်အကြီးဆုံးဖြစ်ပါတယ် ဘယ်သူက လျှောက်သလဲ (အဿဇိကလျှောက်ပါတယ်)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေတော့မယ် ဒကာဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေတော့မယ် ဒါသတိထားပြီး နားထောင်ပါ။

အဿဇိ မင်းနဂိုတုန်းက အားထုတ်တာက အာနာပါနမင်း နဂိုတုန်းက အားထုတ်တာက အာနာပါန အားထုတ်ခဲ့တယ်၊ အခုသေခါနီး ဝေဒနာရောက်လာတဲ့ အခါမှာ အာနာပါနကို မင်းဖမ်းလို့မရတော့ဘူး။

ဖမ်းလို့မရတော့ ငါပြောပြပါမယ်ကွာ အာနာပါန ဆိုတာ သမထကွ၊ သဘောကျကြပလား (ကျပါပြီ) အာနာပါနဆိုတာဘာတဲ့ (သမထပါ) သမထကွတဲ့ အာနာပါနဟာ သမထ။

www.burmeseclassic.com

www.burmeseclassic.com



## အနှစ်ရှိတယ်လို့မဟောပါ

အဲဒီအာနာပါန သမထကို ငါဘုရားက အနှစ်သာရ ရှိတယ်လို့ မဟောဘူး၊ သဘောကျပလား (ကျပါပြီ) ဘာတဲ့ တုံး (အနှစ်သာရရှိတယ်လို့ မဟောပါဘုရား)။ အာနာပနကို သမထဖြစ်တဲ့အတွက် အနှစ်သာရရှိတယ်လို့ ငါဘုရားက မဟောဘူး ရိပ်မိကြပလား. . . (ရိပ်မိပါပြီ) ဘယ်လိုဟောပါ လိမ့် (အနှစ်သာရရှိတယ်လို့ မဟောပါဘုရား)

ပြီးတော့ ဒါတွေလည်းကြွာတဲ့ မင်းတို့ဝမ်းထဲအလုပ် ဖြစ်တယ်လို့လည်း ငါမဟောဘူး နှစ်ချက်ပြတယ်။

အာနာပါနဟာ အနှစ်သာရရှိတဲ့တရားလို့လည်း ငါမဟောဘူး သဘောကျလား (ကျပါပြီ)

## အမြတ်ဆုံးအလုပ်လို့လဲမဟောပါ

ရဟန်း၏အထွတ်အမြတ်ဆုံး အလုပ်လို့လဲ ငါမဟော ဘူး ဘယ်နှစ်ချက်ပါလိမ့် (နှစ်ချက်ပါဘုရား)။

ဒါကြပ်ကြပ်သတိထားပါ ဒကာဒကာမတို့ ခင်ဗျားတို့ အာနာပါနနဲ့ တင်းတိမ်ပြီးနေမှာစိုးတဲ့အတွက် ဘုရားက ဟောလိုက်ဖြို မပေါ်သေးဘူးလား (ပေါ်ပါပြီ) ဘာပါလိမ့် (အာနာပါနဟာ အနှစ်သာရရှိတယ်လို့ မဟောပါ) ရဟန်း ၏ အကျင့်တရားမှာလည်း အထွတ်အထိပ်အစစ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်း၏ အကျင့်တရားမှာလည်း ဘာတဲ့ . . (အထွတ်အထိပ် အစစ်မဟုတ်သေးပါဘုရား) အထွတ်အထိပ်အစစ်မဟုတ်ဘူး၊ သမထကိုလည်း အာနာပါနကိုလည်း အနှစ်သာရလို့ ငါဘုရားကမဟောဘူး၊ သဘောကျပလား (ကျပါပြီ)။

အဲတော့ အဘိဓာန်ကဘယ်နှယ်ဖြစ်သွားမယ်လို့ ထင်ကြသလဲ သက်သာသွားတယ်၊ သက်သာသွားတယ်၊ သူ့အင်မတန်အားကိုးထားတာကြီးဟာ မင်းဟာမဟုတ်သေးပါဘူး။

ငါဟုတ်တာကို ပြောပါ့မယ်ဆိုတဲ့ အာဘော်ကပါ မလာဘူးလား (ပါလာပါတယ်)။

အဲလိုပါလာတော့ ဒကာဒကာမတွေ စဉ်းစားကြည့်တာပေါ့၊ ဪ- ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အဘိဓာန်ကို သက်သာအောင်လုပ်တာလား၊ ဟုတ်လား အကောင်းနဲ့ အစစ်ကို ရွေးချယ်မလို့လားလို့ ဟုတ်လား၊ ဒီလိုလုပ်ပါ အကာနှင့်အနှစ်ကို ရွေးချယ်မယ် မဆိုနိုင်သေးဘူးလား (ဆိုနိုင်ပါတယ်)။

ဘာရွေးချယ်မလို့စကားသွင်းလိုက်တာလဲ . . . (အကာနှင့်အနှစ်ကိုပါဘုရား) အကာနှင့်အနှစ်ကို ရွေးချယ်ပြီး သကာလ ဘုရားက ပြောတော့မယ်ဆိုတာ ဒကာဒကာမတွေက မှတ်ထားပါ၊ ရှင်းပလား . . (ရှင်းပါပြီ)။

www.burmeseclassic.com

www.burmeseclassic.com



## အာနာပါနက အကာ

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဃဇိတဲ့ ငါဘုရားသာသနာတော်မှာ ဒီအာနာပါနကိုကွာ စတုတ္ထစျာန်လို့ခေါ်ပါတယ်တဲ့၊ အဲဒီစတုတ္ထစျာန်ကို ငါဘုရားက အနှစ်သာရပြည့်စုံတဲ့တရားလို့ မဟောဘူး ပယ်လိုက်တယ်သဘောကျပလား (ကျပါပြီ)

ရဟန်းထဲမှာလည်း ဒီအလုပ်ကို အာနာပါနလုပ်နေတော့ ရဟန်းကိစ္စပြီးပြီလို့ ငါဘုရားက ဒီအလုပ်နဲ့တော့ မဟောဘူး ရှင်းပလား (ရှင်းပါပြီ) ဘယ်နှစ်ခု ပယ်လိုက်သလဲ (နှစ်ခု ပယ်လိုက်ပါတယ်)။

ရဟန်းအတွက်မှာလည်း ဒီအလုပ်လုပ်ရင် ဆုံးနေပြီလို့ ငါမဟောပါဘူးတဲ့ အာနာပါနလုပ်နေရုံနဲ့ပေါ့ဗျာ ရဟန်းအလုပ်ဆုံးပြီလို့ ဟောရဲ့လား (မဟောပါဘူး) အနှစ်သာရရှိတဲ့ တရားလို့ကော ဟောရဲ့လား. . . (မဟောပါဘူး) ရိပ်မိကြပလား (ရိပ်မိပါပြီ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဃဇိမင်းမစိုးရိမ်နဲ့ကွ မင်းမစိုးရိမ်နဲ့ မင်းအခုနှလုံးမသာယာခြင်းကိစ္စတွေ မင်းအေးနေပြီမဟုတ်လား၊ မင်းအာနာပါန မင်းသွားမရလို့ မင်းစိတ်ပျက်တာ ပေါ်ပလား (ပေါ်ပါပြီ) ဘာတဲ့တုံး (အာနာပါနသွားမရလို့ပါ) အာနာပါနခွဲမရလို့။

www.burmeseclassic.com



ဒကာဒကာမတို့ အာနာပါနခွဲမရလို့ သူ့စိတ်ထဲ ငါတော့ကိုယ်ကျိုးနည်းပေါ့ ဦးဘတင်ဒီလိုမလာဘူးလား. . . (လာပါတယ်)။

အခုဘုရားက သင်လိုက်တော့ မင်းအာနာပါနဟာ အနှစ်သာရမဟုတ်ပါဘူးလို့ ဖော်ပြောလိုက်တယ်နော်။ ရဟန်းမှာလည်း အာနာပါနလောက် ကျင့်နေလို့ရှိရင် အကျင့်ဆုံးတဲ့တရားလို့ ငါမဆိုသေးပါဘူးလို့ ပယ်လိုက်တာ မြင်ကြပလား. . . (မြင်ပါတယ်)။

သို့သော် တစ်ခါစဉ်းစားလိုက်ပါ၊ ဘယ်လိုစဉ်းစား ရမလဲ စိတ်သက်သာအောင် ဟောတာလား အကာနဲ့အနှစ် ရွေးတာလားဆိုတာ ခင်ဗျားတို့ကလည်း ဝေဖန်ပါဦး (အကာ နှင့် အနှစ်ရွေးတာပါဘုရား) အကာနဲ့ အနှစ်ရွေးတာ။

## လုံးလုံးအသုံးမကျဘူးလို့မဆိုနဲ့

ဩော် လုံးလုံးအသုံးမကျဘူးလို့ မဆိုနဲ့ သဘောကျ ပလား (ကျပါပြီ) အကာနှင့်အနှစ် ရွေးလိုက်တဲ့အခါကျတော့ ဝိပဿနာက အနှစ်၊ သူကဘာတဲ့တုံး. . . (အကာပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ)။

ဒကာဒကာမတွေ ဘယ်လိုမှတ်ကြမယ် (အာနာပါန က အကာပါ ဝိပဿနာက အနှစ်ပါ) ဩော်. . . ဟုတ်ပြီ သမထက ဘာတဲ့ (အကာပါ) ဝိပဿနာက (အနှစ်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



ဪ ဒါဖြင့် ဒကာဒကာမတို့ အကာနှင့် အနှစ်ကို ဝေဖန်ပြီးသကာလ သိသွားတော့ ဒါဘုရားက ကိုယ်ကဖွင့်ပြီး ပြောလို့ ကျုပ်တို့မှာ မယုံကြည်ထိုက် ယုံကြည်ထိုက် ဒကာဦးစံရီတို့ လိုသေးသလား. . . (မလိုပါဘုရား) မလို တော့ဘူး။

## သေခါနီးတဲ့အခါ ဝိပဿနာသာလုပ်

ဒါဖြင့်ဘုန်းကြီးသည် ဒီဒကာဒကာမတွေကို ဘယ်လို ဟောလိုက်သတုံးလို့ မေးခွန်းထုတ်တော့ မင်းတို့သေခါနီး အခါမှာ ဝိပဿနာသာလုပ်လို့ဆိုတဲ့ ဥစ္စာလေးကလည်း သတိပေးခဲ့တယ်၊ မပေးခဲ့ဘူးလား (ပေးခဲ့ပါတယ်)။

ဒါဘာကြောင့်ပေးရသတုံးဆိုတာလည်း ခင်ဗျားတို့ ရိပ်မိပြီ (ရိပ်မိပါပြီ) အကာတွေပေးတာလား အနှစ်ပေး တာလား (အနှစ်ပေးတာပါ)။

ဝိပဿနာလုပ်နေတော့ သမထ မပါဘူးလား. . . (ပါပါတယ်ဘုရား)။

သမထလုပ်နေတော့ ဝိပဿနာမပါဘူး (မပါပါ ဘုရား)

သတိထား အခြေအနေသတိထားရမယ် သမထ အလုပ်လုပ်နေရင် ဝိပဿနာက (မပါပါ) ဝိပဿနာလုပ်ရင် (သမထပါပါတယ်)။

www.burmeseclassic.com

www.burmeseclassic.com



ကဲ- ဦးစံရှိ သေချာရောပေါ့ မသေချာသေးဘူးလား (သေချာပါတယ်) အားလုံးဒကာဒကာမတွေ သေချာပလား (သေချာပါပြီ) ဝိပဿနာလုပ်တော့ (သမထပါပါပြီဘုရား) သမထလုပ်တော့. . . (ဝိပဿနာမပါပါ) မပါဘူးတဲ့။

သမထလုပ်နေ ဝိပဿနာမပါဘူးတဲ့၊ သမထဆိုတာ တစ်ခုတည်းသော အာရုံကြည့်နေရတာ၊ မပျောက်အောင် ကြည့်နေရတာ။

ဝိပဿနာက ပျောက်တာကိုကြည့်ရတာ၊ သမထက ဘာပါလိမ့် (မပျောက်အောင်ကြည့်နေရတာ) မပျောက် အောင် ကြည့်နေရတာ၊ ဝိပဿနာက. . . (ပျောက်တာကို ကြည့်နေရတာ) ပျောက်တာပျက်တာကို မြင်အောင် ကြည့် နေရတာ၊ မကွာဘူးလား (ကွာပါတယ်)။

ဒါကြောင့် သမထလုပ်တဲ့အခါကျတော့ သတိရယ်၊ ဝီရိယရယ်၊ သမာဓိရယ် သုံးခုပေါင်းလုပ်တယ်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပမပါဘူး (မပါပါဘုရား) သမထလုပ်တော့ ဘယ်နှစ်ခုပေါင်းသလဲ. . . (သုံးခုပေါင်းပါတယ်)။

ဝိပဿနာလုပ်တဲ့အခါကျတော့ ငါးခုပေါင်းတယ် ဒီဟာဖြစ်ပျက်ဆိုရင် ဒီငါးခုက မှတ်တာပဲ ရှင်းပလား. . . (ရှင်းပါပြီ)

www.burmeseclassic.com

www.burmeseclassic.com



သမထအလုပ်ကဘာပါလိမ့်. . . (သုံးခုပေါင်း လုပ်ပါတယ်) ဝိပဿနာအလုပ်က (ငါးခုပေါင်းပါတယ်) ဒါဖြင့် ဘယ်သူကအနှစ်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါပြီ)။

ဝိပဿနာမပါလို့ရှိရင် ခင်ဗျားတို့ ဖြစ်ပျက်မြင်ပါ့ မလား. . . (မမြင်ပါဘူး) မမြင်နိုင်ဘူးတဲ့၊ သမထက မပျောက်အောင်ကြည့်နေဖို့ပဲ ရှင်းကြပလား (ရှင်းပါပြီ)။

BURMESE CLASSIC

## အနှစ်နှင့်အကာရွေးတတ်ကြပြီလား

ကောင်းပြီ ဒါဖြင့်ဒကာဒကာမတို့ အနှစ်နဲ့အကာ ရွေးတတ်ကြပလား (ရွေးတတ်ပါပြီ) ဘယ်လိုရွေးထတ်ပါလိမ့် (သမထလုပ်ရင် သမထပဲ ဝိပဿနာလုပ်ရင် သမထပါ) သမထလုပ်ရင် ဘာပါသတုံးသမထပဲ ဝိပဿနာလုပ်ရင် သမထပါတယ် ဝိပဿနာလုပ်ရင် သမထပါပြီးသားဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ) ဒီကဖြစ်ပျက်ကို မြင်တဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပနဲ့သာ ရှုလို့ရှိရင် သတိ၊ ဝီရိယ၊ သမာဓိက (ပါပြီးသားပါဘုရား)။

ပါပြီးသားဆိုတော့ကာ အဲဒါဖြင့် ဒို့အထွတ်အထိပ်သာ ကိုင်တော့မယ်၊ ဘယ်လိုဆိုကြမယ် (အထွတ် အထိပ်သာ ကိုင်မယ်ဘုရား)

www.burmeseclassic.com

www.burmeseclassic.com



အထွတ်အထိပ်သာ ကိုင်လိုက်တော့ကို ပြီးမသွားဘူးလား (ပြီးသွားပါတယ်ဘုရား)။

## ကိလေသာနှင့်ရှင်းပြတယ်

ကောင်းပြီ၊ တစ်ခါကိလေသာနဲ့ယှဉ်ပါဦး ဒကာဒကာမတို့ ရှင်းအောင်သမထက ကိလေသာဖြတ်တဲ့အခါမှာတဲ့ အမြစ်မပြတ်ဘူး ဝိပဿနာမဂ်က အမြစ်ပြတ်တယ်။

ဒါ ထောက်ကြည့်ပါလား ဦးစံရီတို့ ကဲ မကွာဘူးလား (ကွာပါတယ်) သမထက ကိလေသာသတ်တော့ ဘယ်နှယ်တုံး. . . (အမြစ်မပြတ်ပါဘုရား) ဝိပဿနာက အမြစ်ပြတ်ပါတယ်။

ကိုင်း-၊ ဝိပဿနာ အားထုတ်တဲ့ပုဂ္ဂိုလ်မှာ အပေါ်ကလည်း ပြတ်တာပဲ အောက်ကလည်း ပြတ်တာပဲ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်)။

သမထအားထုတ်တဲ့ ပုဂ္ဂိုလ်က ဒကာဒကာမတို့ မှတ်စရာက အပေါ်မှာတင်ပြတ်သွားပြီး အမြစ်တွေက ကျန်နေသေးတယ်၊ မိုးဦးကျပြန်ပေါက်မယ်၊ မပေါက်ပေဘူးလား ပေါက်မှာလား (ပေါက်မှာပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## တို့သေခါနီး ဘာအရေးကြီးပါလိမ့်

အဲဒီတော့ ဒကာဒကာမတို့ အင်းဒို့သေခါနီး ဘာအရေးကြီးပါလိမ့်မတုံးဆိုတာ ဘယ်လိုဆုံးဖြတ်ချက်ချကြမလဲ (ဝိပဿနာလုပ်ရပါမယ်)။

ရှာရမည့်ကမ္မဋ္ဌာန်းလား လက်တွေ့လား. . . (လက်တွေ့ပါဘုရား)။ ဩော်ဒါဖြင့် မမိ မိအောင် ဖမ်းမယ်ဆိုတဲ့စိတ်မွေးထား (မှန်ပါ့ဘုရား) မမွေးသင့်ဘူးလား. . . (မွေးသင့်ပါတယ်ဘုရား)။

BURMESE CLASSIC

အဲတော့မမိစရာလည်းမရှိပါဘူးဆိုတာ ဒကာဒကာမတွေ ရိပ်မိပလား (ရိပ်မိပါပြီ) ဘုန်းကြီးက ဒီနေ့ညမှာ အဿဇိ ဟောတဲ့ဝတ္ထုဖြစ်နေလို့ အဿဇိကို ဘုရားက သေသေချာချာ သင်ပုံကို ပြောရလိမ့်မယ်။

ဝက္ကလိထက်ရှုပုံမှာ သေချာသေးတယ်၊ ဒီဝတ္ထုမှာ ဝက္ကလိရှုပုံဟောတဲ့အခါမှာ ဘုရားနည်းနည်းလျှော့တယ်၊ အဿဇိကိုဟောတဲ့အခါမှာ ရှုပုံက အင်မတန် ထင်ရှားအောင်ပြလို့ ဟောလေ့ရှိတယ်။

ကောင်းပြီတစ်ဖန် ခုနက ဝတ္ထုလေးပြန်ဆက်ပါဦး မင်းကြွာတဲ့ ငါဘုရားသာသနာတော်မှာ သမထအနှစ်ထားတာ မဟုတ်ပါဘူး၊ အဲဒါနဲ့ ရဟန်းကိစ္စပြီးပြီလို့ ငါမဟောပါဘူး၊ သမထနဲ့လည်း အရေးကြီးတာက ငါပြောမှာသာ အရေးကြီးတယ်ကွ။

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာသုံးမျိုးရှိတယ်

ငါပြောမှာ အရေးကြီးတယ်ဆိုတာ ဒကာဒကာမတွေ ရိပ်မိပလား သူပြောမှာဘာတုံးလို့မေးတဲ့အခါကျတော့ ဝေဒနာ ပြောတယ်။

ဒကာ ဒကာမတို့ ဝေဒနာဘယ်နှစ်မျိုးရှိသလဲ (သုံးမျိုး ရှိတယ်)၊ သုံးမျိုး ဒါအရေးကြီးတာပေါ့ကွတဲ့ ဆိုတော့ ဝေဒနာ ပြတာနဲ့ ဒကာ ဒကာမတွေက ရိပ်မိဖို့ကောင်းပြီ၊ သူ ဝိပဿနာ ခေါင်းတည်ပြီးပြတော့မှာပဲ၊ ဘာပြမှာပါလိမ့် (ဝိပဿနာပါ)။

ဝိပဿနာခေါင်းတည်ပြမယ်၊ ဒါက ဘာဝေဒနာတုံး (သုခဝေဒနာ)၊ ဒါက (ဒုက္ခဝေဒနာ) ဒါက (ဥပေက္ခာ ဝေဒနာ)၊ ဒါက ခင်ဗျားတို့ ခုနက အဖေခေါ်တဲ့နာမည်ပဲ ဟုတ်လား (မှန်ပါ)။

ဒါ. . ဘယ်သူ့ဖြစ်ပျက်တုံး မေးတဲ့အခါကျတော့ ဒါ သုခဖြစ်ပျက်၊ ဒါက (ဒုက္ခဖြစ်ပျက်)၊ ဒါက(ဥပေက္ခာဖြစ်ပျက်)၊ ဒါဖြင့် အဖေခေါ်တာ သားကလေးမသိတော့ အဖေနာမည် မေးတယ်၊ စင်စစ်ကတော့ဖြင့် ဝေဒနာရှုရမှာလား ဖြစ်ပျက် ရှုရမှာလား. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာရှုရင် ဘာဖြစ်သတုံး

ဝေဒနာရှုရင် ဘယ်အဓိပ္ပါယ်ရောက်တယ်၊ ဖြစ်ပျက်ရှုရင် ဘယ်အဓိပ္ပါယ်ရောက်တယ်ဆိုတာ ဆရာဘုန်းကြီးနည်းပေးထားပြီ၊ ပေးမထားဘူးလား (ပေးထားပါတယ်)၊ ပေးထားတော့ ဝေဒနာရှုရင် ဘာဖြစ်သတုံး. . (သမထပါ)၊ ဝေဒနာရှုလို့ရှိရင် နာမပရိစ္ဆေဒဉာဏ်၊ ဝိပဿနာအောက်ဆင့်၊ သဘောကျပလား (ကျပါပြီ)၊

ဝေဒနာရှုရင်ဘာပါလိမ့် (နာမပရိစ္ဆေဒဉာဏ်ပါဘုရား)၊ နာမပရိစ္ဆေဒဉာဏ်၊ နာမရူပပရိစ္ဆေဒဉာဏ်ပေါ့ဗျာ၊ ဘုန်းကြီးက ဝေဒနာနဲ့ ဉာဏ်ဘက်ကလှည့်ဟောလိုက်တယ်။

ဝေဒနာမြင်တဲ့ပုဂ္ဂိုလ်က ဘာပါလိမ့်၊ (နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေမှာ ဉာဏ်အောက်ဆင်းသွားတာပေါ့။

## ဝေဒနာမတွေ့စေနဲ့

ရှုတာက ဘာရှိသလဲ (အနိစ္စပါ)၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စမရှိဘူးလား (ရှိပါတယ်)၊ ဒကာ,ဒကာမတို့ အနိစ္စသာ တွေ့အောင်ရှု၊ ဝေဒနာမတွေ့စေနဲ့ (မှန်ပါ့)၊ ရှင်းပလား. . (ရှင်းပါပြီ)၊ ဘယ်လိုရှင်းလဲ (အနိစ္စတွေ့အောင်ရှုရမယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကို (ဖြစ်ပျက်ရှုရမယ်)၊ ဝေဒနာက အဖေ ခေါ်တာ၊ ဒီကလေးဟာ ဘယ်သူ့ကလေးလဲ၊ ဒီအနိဋ္ဌကလေး လေးဟာ သူ့အဖေ ဘယ်သူတုံး၊ သုခဝေဒနာ၊ ဒုက္ခရောက် တဲ့ကလေးလေးဟာ သူ့အဖေဘယ်သူတုံးမေးတော့ ဒုက္ခ ဝေဒနာ၊

အဲဒီတော့ကို သေသေချာချာ စဉ်းစားတော့ ဒကာ, ဒကာမတွေ အဖေခေါ်ချင်လို့ စင်စစ်ကတော့ဖြင့် သားနဲ့တူ တဲ့အနိဋ္ဌကို ခင်ဗျားတို့က တွေ့ရမှာ၊ သဘောကျပလား. . . (ကျပါပြီ)။

ဘယ်သူ့အနိဋ္ဌရောက်တယ်ဆိုတာ မသိမှာစိုးလို့ သုခ ဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ပြောရခြင်းဖြစ်ပါ တယ်၊ နို့မို့ရင် ပြောစရာလိုသေးသလား. . . (မလိုပါဘူး)။

ဒီလိုမှအဖေခေါ်စရာမရှိပြန်လို့ရှိရင်လည်း ဘယ်သူ့ အနိဋ္ဌတုံးဆိုတဲ့အခါကျတော့ ဉာဏ်ထဲ ရှင်းပါဦးမလား. . . (မရှင်းပါဘုရား)၊ တစ်နည်း ပဋိစ္စသမုပ္ပါဒ်မှာလည်း ရှုပ်သွား ဦးမယ်၊ သုခဝေဒနာ ပစ္စယာလည်း တဏှာကိုးဗျ၊ ဒုက္ခ ဝေဒနာပစ္စယာ (ဒေါသ)၊ ဥပေက္ခာဝေဒနာပစ္စယာ(မောဟ) အဲဒါတွေနဲ့ကျတော့ ရှုပ်မသွားပေဘူးလား (ရှုပ်ပါတယ်)။

အဲတော့ နာမည်မဖော်ရင်လည်းဖြစ်ပါ့မလား (မဖြစ်ပါဘုရား)၊ နာမည်တော့ဖော်ကြရမှာပဲ၊ နာမည်ဖော်ပြီး

www.burmeseclassic.com

www.burmeseclassic.com



နာမည်ရှိတဲ့တရားရှုရမှာလား၊ ပျောက်ပျက်တဲ့တရားရှုရမှာလား. . (ပျောက်ပျက်တဲ့တရား ရှုရမှာပါ)။

## ပျောက်ပျက်တဲ့အနိစ္စရှုရမှာ

ဒါဖြင့် ခင်ဗျားတို့ အရေးကြီးတာပေါ့၊ ဝေဒနာရှုရမှာလား၊ ပျောက်ပျက်တာရှုရမှာလား. . . (ပျောက်ပျက်တာရှုရမှာပါဘုရား)၊ ပျောက်ပျက်တာ ဘာပါလိမ့်. . . (အနိစ္စပါဘုရား)။

ပျောက်ပျက်တာ ဒကာ,ဒကာမတို့ အနိစ္စပဲ မဟုတ်လား. . . (ဟုတ်ပါတယ်)၊ ဒါဖြင့် ပျောက်ပျက်တာ အနိစ္စကို ခင်ဗျားတို့သိနေသဖြင့် ပျောက်ပျက်တာက အနိစ္စ၊ သိတာက ဘာတဲ့လဲ. . . (မဂ္ဂပါဘုရား)။

ကြည့်. ဒါဖြင့် ဒီစိတ်နဲ့ ဒီဉာဏ်၊ ဒီကအနိစ္စ၊ ဒီက ဘာပါလိမ့်. . . (မဂ္ဂပါဘုရား)၊ ကောင်းပြီ. . ဒါဖြင့် သေခါနီးမှာဖြင့် အနိစ္စနဲ့မဂ္ဂနဲ့ဆိုတော့ အနိစ္စက ပြင်ဘက်ကနေ၊ မဂ္ဂက ဟဒယဝတ္ထုပေါ်ရောက်နေတယ်။

## သေခါနီးမှာ မဂ်ကပို့ဆောင်ပေးတယ်

မဂ္ဂက ဘယ်ရောက်ပါလိမ့် (ဟဒယဝတ္ထုပေါ်မှာပါဘုရား)၊ ဟဒယဝတ္ထုပေါ်ရောက်နေတော့ သူသည် ဒီဟာ,

www.burmeseclassic.com

www.burmeseclassic.com



ဒကာမတို့ သူကပဲ ခမ္မဖြစ်လေသောကြောင့် သူဆောင်ရာ ကျုပ်တို့သွားရမယ် (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

သူက မဂ္ဂ ခမ္မဆိုသောကြောင့် သုဂတိနဲ့နိဗ္ဗာန်ပဲ ဆောင်မယ်၊ ဘယ်ကိုဆောင်တယ်. . . (သုဂတိနဲ့နိဗ္ဗာန်ပဲ ဆောင်ပါတယ်)၊ ဒါ ဘယ်သူပူနေစရာလိုသေးသတုံး. . . (မလိုပါဘူး)၊ ဘေးကနေ သက်န်းတွေပြနေစရာကော လိုသေးသလား. . (မလိုပါဘူး)၊ မင်းလှူထားတဲ့ သက်န်းတွေ မင်း အောက်မေ့လို့ကော လိုသေးသလား. . (မလိုပါဘုရား)။

အဲဒါတွေက ဝေးပါတယ်၊ အလှူပေးထားတာက သားငယ်ငယ်တုန်းကပေးထားတာ၊ နောက်မှ ပြန်တွေးစမ်းပါ ဆိုတော့ ခတ်ပုံတွေတောင်မရှိတော့ဘူး၊ အဲဒီအချိန်မှာ ရှိသေးရဲ့လား (မရှိပါဘုရား)။

ကိုယ့်ဝေဒနာနဲ့ ကိုယ်ဆိုတော့ ဒကာ,ဒကာမတွေ ဘယ့်နှယ်နေကြသလဲ၊ ဘယ်အချိန်ခွဲခွာလို့ရသလဲ. . (မရပါ)၊ အဲ ဘယ်အချိန်မဆို ဒီဥစ္စာသည် အနီးစပ်ဆုံးဆိုရင်ကော လွှဲမလား. . . (မလွှဲပါဘုရား)။

## မဂ်ဓာနဲ့သေမယ်

ဒါဖြင့် လုပ်တတ်ကြပလား (လုပ်တတ်ပါပြီဘုရား)၊ ဘာကိုအားကိုးအားထား၊ ထားကြမယ် (ဝိပဿနာပါဘုရား)၊

www.burmeseclassic.com

www.burmeseclassic.com



အေး. . ဝေဒနာက အနိစ္စ ဟုတ်လား၊ ရှုတာက (မဂ္ဂပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဘယ်ဇောနဲ့သေမလဲ (မဂ်ဇောနဲ့သေမှာပါ)။

ဝေဒနာက ခန္ဓာကိုယ်တွင် အနိစ္စရောက်ပြီးနေရစ်မှာပဲ (မှန်ပါ့)၊ သေတဲ့ပုဂ္ဂိုလ်က ဒီဇောနဲ့သေမယ်၊ သဘောကျပလား (ကျပါပြီ)၊ ဘာဇောနဲ့သေမလဲ (မဂ်ဇောနဲ့ပါ)။

ဒီမဂ်ဇောလေးက သူဘယ်လိုရွက်ဆောင်နိုင်သလဲ. (သုဂတိနဲ့နိဗ္ဗာန်ပါ)၊ သုဂတိနဲ့ နိဗ္ဗာန်ကိုသာ ရွက်ဆောင်နိုင်တယ်ဆိုတာ နှစ်ချက်မှတ်ထား။

မဂ်မရသေးရင် သုဂတိဆောင်မယ်၊ မဂ်ရသွားလို့ရှိရင် နိဗ္ဗာန်ဆောင်မယ်၊ ခင်ဗျားတို့မှာ ဒီလို ဆရာကောင်းသမားကောင်းနဲ့တွေ့ပြီးသကာလ၊ ဩော် တို့ဟာဖြင့် လမ်းပြောင်းပေးတဲ့တရား၊ ဒို့လာတတ်တဲ့တရားတွေဟာဖြင့် ဘုရားတောင်မေးတယ်၊ မကောင်းတာတွေချည်းလာတတ်တယ်၊

မလာဘူးလား (လာပါတယ်)၊ အခု ဒီလိုတတ်တာတွေကောရှိသေးသလား. . (မရှိတော့ပါဘုရား)၊ ဒါဖြင့် ဒကာ,ဒကာမတို့ သေတတ်ပလားလို့မေးလိုက်တယ်. . . (သေတတ်ပါပြီဘုရား)၊ ဘယ်လိုသေကြမယ်. . . (မဂ်ဇောနဲ့သေမယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## သေရင် သုဂတိနှင့်နိဗ္ဗာန်

မင်္ဂလာဆောင်နဲ့သေမယ်ဆိုတော့၊ သိပ်ကျေးဇူးများတာပေါ့ဗျ၊ သုဂတိနဲ့နိဗ္ဗာန်မှတစ်ပါး ဘယ်များသွားသေးသတုံး. . . (ဘယ်မှမသွားပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ကောင်းပြီ. . ဒါဖြင့် ဒကာ,ဒကာမတို့ ဟောဒါ သုခဝေဒနာရှိရင် သုခဝေဒနာမဖြစ်စေနဲ့၊ သတိထားစမ်းပါ၊ ဒုက္ခဝေဒနာရှိရင်. . (ဒုက္ခဝေဒနာမဖြစ်စေပါနဲ့)၊ ဥပေက္ခာဝေဒနာရှိရင် (ဥပေက္ခာဝေဒနာမဖြစ်စေပါနဲ့ဘုရား)၊ ဘာဖြစ်ရမလဲ (အနိစ္စဖြစ်ရပါ့မယ်)။

## ပျောက်ပျက်တဲ့အနိစ္စတွေ့ပါစေ

အဲဒါလေးဖြစ်မှာကိုလည်း ဆရာဘုန်းကြီးက ကူလိုက်တယ်၊ ဒါ ဖြစ်မှာစိုးရိမ်လို့၊ ဒါဟာ သုခဝေဒနာရှိရင် သုခဝေဒနာမဖြစ်စေနဲ့၊ ဘယ်နှယ်တုံး အရှင်ဘုရား၊ သုခဝေဒနာလည်း အရှိခိုင်းသေးရဲ့ သုခဝေဒနာမဖြစ်စေနဲ့လည်း ဆိုသေးရဲ့ဆိုတော့ ဒကာ,ဒကာမတွေသဘောပါသလား . . . (ပါပါပြီ)၊ ဘယ်လိုပါ ပါလိမ့် (ပျောက်ပျက်ခြင်း ရှုရပါမယ်)။

ပျောက်ပျက်ခြင်းရှုလိုက်တော့ ဦးစံရီတို့ ဦးခင်မောင်တို့ တည့်မနေဘူးလား. . (တည့်နေပါတယ်)၊ ဒါဖြင့် ရှေ့က

www.burmeseclassic.com



ပျောက်ပျက်တာ၊ နောက်ကပျောက်ပျက်တာ မြင်တာ၊ ဒီလို မတွေ့သေးဘူးလား. . . (တွေ့ပါတယ်)။

ဒကာ,ဒကာမတွေ ရိပ်မိကြရဲ့လား. . . (ရိပ်မိပါပြီ)၊ အဲတော့ သုခဝေဒနာတွေ့သေးရဲ့လား. . (မတွေ့ပါဘုရား)၊ ဘာတွေ့သတုံး. . (အနိစ္စတွေ့ပါတယ်)၊ ပျောက်ပျက်တဲ့ အနိစ္စတွေ့တယ်၊ ဒီဘက် ဆက်ရှုတော့ ဒုက္ခဝေဒနာကြားထဲ မှာ ခေါင်းကိုက်တယ်၊ လည်နာတယ်၊ ရင်နာတယ်ပေါ့ဗျာ၊ ရှုလိုက်တဲ့အခါ ဘာတွေ့သတုံး (ပျောက်ပျက်တာတွေ့ပါ တယ်)။

ပျောက်ပျက်တာဘာပါလိမ့်. . . (အနိစ္စပါ)၊ ပျောက် ပျက်မှန်းသိတာက (မဂ္ဂပါ) ဆိုတော့ သြော်. . ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါဘယ်သူ့ဟောနေပါလိမ့်. . (အဿ ဇိဟောနေတာပါ)။

## ဝေဒနာတွေ့မှာစိုးရိမ်တယ်

မင်း ငါစိုးရိမ်တာ ဝေဒနာတွေ့မှာစိုးရိမ်တာပဲ၊ ဒကာ, ဒကာမတို့ အဿဇိဘယ်နှယ်ဟောပါလိမ့်. . . (ဝေဒနာတွေ့ မှာစိုးရိမ်ပါတယ်)။

ဝေဒနာတွေ့သွားတော့ သုခဝေဒနာတွေ့ရင် တဏှာ လာမယ်၊

www.burmeseclassic.com

www.burmeseclassic.com


ဒုက္ခဝေဒနာတွေ့ရင်. . . (ဒေါသလာမယ်)

ဥပေက္ခာဝေဒနာတွေ့ရင်. . . (မောဟလာမယ်)

ဝေဒနာတွေ့မှာ ကြောက်တယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ဘာကြောက်သတုံး ဘုရားက. . . (ဝေဒနာတွေ့မှာကြောက်ပါတယ်)။

ခင်ဗျားတို့ကလည်း ခက်နေတာက သာမညဆိုရာ သမားနဲ့ဆိုလို့ရှိရင် ဝေဒနာကို မတွေ့သေးဘူးပြောချင်ပြောနေမှာ၊ ဝေဒနာလေးတွေ့ရင် ကျေနပ်ပါပြီ ပြောချင်ပြောနေမှာ၊ မပြောပေဘူးလား. . . (ပြောပါတယ်)။

ဒါဖြင့် ဘုရားဟောတော်မူတာနဲ့ ဦးစံရီ ဘယ့်နှယ်နေသတုံး (ဆန့်ကျင်ပါတယ်)၊ ဘုရားဟောတော်မူတာနဲ့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ကန့်လန့်ကြီးမနေဘူးလား. . (နေပါတယ်)။

ကောင်းပြီ. . ဘုရားက ဘာမတွေ့စေနဲ့တဲ့ (ဝေဒနာမတွေ့စေနဲ့ပါ)၊ သုခရှုရင် (သုခမတွေ့စေနဲ့ပါဘုရား)၊ သုခမတွေ့စေနဲ့၊ ဒုက္ခရှုရင်. . . (ဒုက္ခမတွေ့စေနဲ့)၊ ဥပေက္ခာရှုရင် (ဥပေက္ခာမတွေ့စေနဲ့ပါဘုရား)၊ ဘာတွေ့ရမလဲ. . . (အနိစ္စပါဘုရား)။

အဲ. . . ဒီလိုမှကိုက်တယ်၊ အဲဒါဟာ ဘယ်သူစိုးရိမ်လို့၊ ဒီအကြောင်းကိုဖော်ထုတ်ပြီး ဟောရပါသတုံးဆိုတာကော ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

www.burmeseclassic.com

www.burmeseclassic.com


အာသဖိဘာတွေ့မှာစိုးရိမ်သတုံး. . . (ဝေဒနာတွေ့ မှာပါ)၊ ဟုတ်လား၊ ဝေဒနာတွေ့နေတော့ ဒကာ,ဒကာမတို့ အင်မတန်ဆိုးပလိုက်မယ် (မှန်ပါ့)၊ ဝေဒနာတွေ့ရင် အင်မတန်ဆိုးမယ်နော်၊ သတိထားပါ။

သုခဝေဒနာတွေ့တယ်ဆိုရင်ဖြင့် ပျော်ချင်တဲ့ တဏှာလိုက်မယ်တဲ့၊ ဝေဒနာတွေ့တဲ့အတွက် ဦးဘအုန်း၊ ဝေဒနာတွေ့တဲ့အတွက် ဆိုးဝါးလာတာပေါ်ပလား. . . (ပေါ်ပါပြီ)၊ သုခဝေဒနာပစ္စယာ (တဏှာပါဘုရား)။

ဒုက္ခတွေ့နေတယ်ဆိုရင် (ဒေါသ)၊ အဲဒီက ဒေါသ လိုက်မယ်ကွတဲ့၊ ရှင်းပလား (ရှင်းပါပြီ)၊ ဥပေက္ခာတွေ့နေ တယ်ဆိုတော့. . . (မောဟ)၊ ဘယ်ကောင်းနိုင်တာရှိသေးလဲ (မကောင်းပါ)၊ ဒါ ဝေဒနာတွေ့တဲ့အပြစ် (မှန်ပါ)၊ ဘာတွေ့ တဲ့အပြစ်လဲ. . . (ဝေဒနာတွေ့တဲ့အပြစ်ပါ။

ဩော်. . . ဒါဖြင့် ဒကာ,ဒကာမတွေ ဘုန်းကြီးအရင်း ထားပြီး သကာလ ဒီဥစ္စာတွေပြောပြီးသကာလနေတော့၊ ခင်ဗျားတို့စာအုပ်တွေသွားပြီးကြည့်လို့ရှိရင်လည်း ကောင်း ကောင်းကြီးလွဲတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



## စာအုပ်မှာလမ်းဆုံးအထိမပါဘူး

စာအုပ်က သုခဝေဒနာမြင်ပြီး ဒုက္ခဝေဒနာ (မြင်ပါတယ်)၊ ဥပေက္ခာဝေဒနာ (မြင်ပါတယ်)၊ ဟုတ်လား၊ စာအုပ်က ဒီလိုဆိုထားတယ်၊ အဲဒါတွေ. . . သတိပဋ္ဌာန်ပါဠိတော်က ဆိုထားတာကို၊ စာအုပ်က မမှန်ဘူးလားမေးတော့ အို. . ဘုရားဟောတာပဲ၊ မဆိုထိုက်ဘူးလား . . (ဆိုထိုက်ပါတယ်)။

သို့သော် လမ်းဆုံးရဲ့လား (မဆုံးပါ)၊ ဒါဖြင့် ဘုန်းကြီးပြောတာက ဟို ဘုရားကိုလည်း ပယ်သလားတဲ့၊ လမ်းမဆုံးသေးလို့ ဘုန်းကြီးက လမ်းဆုံးဟောတဲ့နေရာပြတာလားလို့မေးစမ်း. . . (လမ်းဆုံးဟောတဲ့နေရာပြတာပါ)၊ ရှင်းပလား. (ရှင်းပါပြီ)။

ဒါဖြင့် ဘုရားသည်ကားလို့ဆိုရင်ဖြင့် ဝေဒနာတွေ့အောင် သုခဝေဒနာသိအောင်လုပ်၊ ဒုက္ခဝေဒနာသိအောင်လုပ်၊ ဥပေက္ခာဝေဒနာသိအောင်လုပ်၊ အချို့ကမ္မဋ္ဌာန်းတွေကျတော့ပော့၊ ကောင်းတာလည်း. . ကောင်းတယ်၊ ကောင်းတယ်လို့သိအောင်လုပ်။

## ဝေဒနာသိအောင်လုပ်ဆိုတာက

မကောင်းတာလည်း (မကောင်းဘူး၊ မကောင်းဘူးလို့သိအောင်လုပ်)၊ မကောင်းတကောင်းကော (မကောင်း

www.burmeseclassic.com

www.burmeseclassic.com



တကောင်း သိအောင်လုပ်၊ မကောင်းတကောင်းသိအောင် လုပ်၊ ဘာသိအောင်လုပ်နေတာလဲ . (ဝေဒနာသိအောင်ပါ)။

ဝေဒနာသိအောင်လုပ်ဆိုတော့ ဘုရားဟောတဲ့ ဝေဒနာကိုသိလို့ရှိရင် ဝေဒနာအပြစ်က လာလိမ့်မယ်၊ မလာပေဘူးလား. . . (လာပါတယ်)။

သုခဝေဒနာရှုရင် ဘာလာမယ်. . . (တဏှာလာ မယ်)၊ ဒုက္ခဝေဒနာရှုရင် (ဒေါသလာမယ်)၊ ဥပေက္ခာဝေဒနာ ရှုရင် (မောဟလာမယ်)။

အင်း - ဒါဖြင့် ဘုရားဟောတော်မူတဲ့ စကားမကုန်ပဲ နဲ့ ဆက်ထားတဲ့တရားလို့ ဆိုထိုက်ကျပလား. . . (ကျပါပြီ)၊ ဒါဖြင့် ယခု ဘုန်းကြီးက ဒေသနာဆုံးအောင် ဟောလိုက် တဲ့အတွက် ခင်ဗျားတို့က ရိပ်မိပါပြီ။

ဘာကွာသွားသလဲ. . . (အာရုံကွာသွားပါတယ်)၊ အာရုံက အနိစ္စမို့ ဒီကမင်္ဂဖြစ်တာ၊ ဟုတ်လား၊ အာရုံက ဝေဒနာဖြစ်ရင် ဒီက တဏှာဖြစ်မယ်၊ သဘောကျပလား. . (ကျပါပြီ)။

အာရုံက ဝေဒနာဖြစ်ရင်. . . (ဒီက တဏှာဖြစ်ပါ တယ်)၊ အာရုံက ဒုက္ခဖြစ်ရင်. . (ဒီကဒေါသဖြစ်ပါတယ်)၊ အာရုံက ဥပေက္ခာဖြစ်နေရင် နောက်ကလိုက်တာ. . (မောဟ ဖြစ်ပါတယ်)၊ မောဟဖြစ်မယ်ဆိုတာ သဘောကျပလား . . (ကျပါပြီ)၊ ဒါဖြင့် ရှင်းပလား. . . (ရှင်းပါပြီ)။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ်ကျမ်းမှာ ဟောပါလိမ့်မလဲလို့မေးတော့၊ သတိပဋ္ဌာန်ပါဠိတော်ထဲမှာလည်း ဟောပါတယ်၊ သံယုတ်ပါဠိတော်မှာလည်း ဟောပါတယ်။

သတိပဋ္ဌာန်ပါဠိတော်မှာ ဘယ်လိုဟောသလဲဆိုတော့ မင်းတို့

သမုဒယ ဓမ္မာ နုပဿိ ဝါ ဝေဒနာ ဝိဟာရတိ

ဝယဓမ္မာနုပဿိ ဝါ ဝေဒနာ ဝိဟာရတိ

မင်းတို့သည် အဖြစ်နဲ့အပျက်မြင်အောင်ရှုဆိုတော့ နောက်ပိုင်းကျတော့ ချုပ်သွားတယ်၊ မပြောဘူးလား ပြောသလား. . (ပြောပါတယ်)။

## နောက်ပိုင်းမသွားတတ်တော့လွဲတယ်

အဲဒီနောက်ပိုင်းလေးကို ဒကာ,ဒကာမတွေက အဲဒီနောက်ပိုင်းကျအောင်က ကိုယ်ကလည်း မသွားတတ်တော့၊ အင်း ဝေဒနာကျုပ်ဖြင့် ဖမ်းတုန်းပဲဆိုတော့ မလွဲဘူးလား လွဲသလား . . . လွဲပါတယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ကိုင်း- ဘယ်လိုလုပ်ကြမယ် ဒီကရှေ့ (အနိစ္စဖြစ်အောင်ရှုရမှာ)၊ အနိစ္စဖြစ်အောင်ရှုဆိုတော့ ခင်ဗျားတို့က လုပ်ရှုရမှာလား၊ ပရမတ္ထဖြစ်တာလား. . . (ပရမတ္ထဖြစ်တာပါ)။

www.burmeseclassic.com

www.burmeseclassic.com



ပရမတ္ထဖြစ်နေတာ ခင်ဗျားတို့က လုပ်ရှုမနေနဲ့၊ ခင်ဗျားတို့မှားလိမ့်မယ်၊ ပယောဂမပါဘူး (ပါပါတယ်)။

အဲဒီတော့ ဝိပဿနာရှုတယ်ဆိုတာ ပယောဂလွတ်ရတယ်၊ ကိုယ်ကလုပ်ရတဲ့တရားတစ်ခုမှမပါဘူး. . . (မှန်ပါ)။

ဒီကသူ့သဘော၊ ဒီကဉာဏ်သဘော သဘောကျပလား . . . (ကျပါပြီ) ဒီကအနိစ္စ၊ ဒီက ဘာဆိုကြမယ် (မဂ္ဂပါဘုရား) ဒါ သူကလုပ်လို့ဖြစ်တာလား၊ ဟိုကပရမတ်ကြောင့်ဖြစ်တာလား . . . (ပရမတ်ကြောင့်ပါ)။

## ဝေဒနာတွေ့တဲ့ပုဂ္ဂိုလ်အဖြစ် (၃) ခုရှိတယ်

ဒီကအနိစ္စမို့လို့ ဒီကဘာဖြစ်ရမှာလဲ (မဂ္ဂပါဘုရား) အနိစ္စမှန်းသိတာ ဒီကဝေဒနာဖြစ်ခဲ့ရင် . . . (ဝေဒနာမှန်းသိတာ) အဲဝေဒနာမှန်းသိတော့ ဒီကသုခဝေဒနာ၊ သုခဝေဒနာပစ္စယာ တဏှာ၊ ဟုတ်ပလား။

ဒါလေးက ချမ်းသာတယ်ဆိုရင် ချမ်းသာတာ သဘောကျတယ်မလာပေဘူးလား . . . (လာပါတယ်)။

ဒါလေးဟာ ကိုယ်ပေါ်မှာဆင်းရဲတယ်လို့ ဒကာဒကာမတွေ မလာပေဘူးလား . . . (လာပါတယ်) အင်း ကိုယ်ပေါ်မှာဆင်းရဲရင် ကျုပ်မကျေနပ်ဘူး ဘာလိုက်လာသလဲ . . . (ဒေါသ)။

www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာဝေဒနာဆိုတာက နူးညံ့တယ် ဒကာဒကာမတို့ ခန္ဓာကိုယ်ပေါ်မှာဖြစ်တဲ့အခါ မနူးညံ့ဘူးလား (နူးညံ့ပါတယ်) နူးညံ့တာဆိုတော့ သိသေးရဲ့လား . . . (မသိပါဘုရား)။

သူက နူးညံ့တာ ဒီကနူးညံ့လို့မသိတာ မသိတာက မောဟရှင်းပလား . . . (ရှင်းပါပြီ) ဒါက ဘာတုံး . . . (နူးညံ့တာပါ) နူးညံ့တာဒီဘက်က (မသိတာ) မသိတာဒီဘက်က ဘာတုံး. . . (မောဟပါ) အဲဒါ အဝိဇ္ဇာဆိုလိုက်ပါတော့ဗျာ။

ကောင်းပြီ ဒကာဒကာမတို့ ဒါကဖြင့် မသိတာ ဒါက (အဝိဇ္ဇာ) အဝိဇ္ဇာရှင်းပလား . . . (ရှင်းပါပြီ) ဒါက နူးညံ့တာ ဒါကဘာတုံး (အဝိဇ္ဇာ) ရှင်းပလား . . . (ရှင်းပါပြီ)။

ဝေဒနာတွေ့တဲ့ပုဂ္ဂိုလ်တွေမှာ ဒီအပြစ်ရ၊ မရ (ရပါတယ်)၊ ရှင်းပလား (ရှင်းပါပြီ)။

ဝေဒနာမတွေ့တဲ့ပုဂ္ဂိုလ်တွေမှာ မင်ရတယ်။

ဝေဒနာတွေ့တဲ့ပုဂ္ဂိုလ်တွေမှာ ဒီအပြစ်သုံးခုရတယ် သဘောကျပလား . . (ကျပါပြီ) ဝေဒနာတွေ့တဲ့ပုဂ္ဂိုလ်မှာ အပြစ်ဘယ်နှစ်ခုသင့်လဲ (သုံးခုပါ) တဏှာရယ်၊ ဒေါသရယ် မောဟရယ် ဒါဝေဒနာတွေ့အောင်ရှာနေတဲ့ ပုဂ္ဂိုလ် သဘောကျပလား။

www.burmeseclassic.com

www.burmeseclassic.com



## လောကီအလုပ်မှာလည်း အပြစ်(၃)ခုလိုက်တယ်

ခင်ဗျားတို့ ကိုယ်တိုင်လောကီအလုပ်တွေ လုပ်နေတာရှိပါတယ်။ လောကီအလုပ်တွေလုပ်နေတဲ့အခါကျလို့ ရှိရင်၊ ငွေလေးဘာလေးတွေ ရကြပြီဆိုလို့ရှိရင် သုခမနေဘူးလား (နေပါတယ်)။

သုခနဲ့ နေပြီးသကာလ တဏှာက နောက်ကလိုချင်တာ မလိုက်ဘူးလား လိုက်သလား . . . (လိုက်ပါတယ်)။

ဒုက္ခရောက်တဲ့အခါ ဘာလိုက်လေ့ရှိသတုံး . . . (ဒေါသပါ) ကောင်းပြီ ဥပေက္ခာဖြစ်တဲ့အခါ ဘာလိုက်လေ့ရှိသတုံး . . . (မောဟပါ)။

ဒါအလုပ်လုပ်တာ ခင်ဗျားတို့ လောကီအလုပ်လုပ်တာ ဒီသုံးခု လိုက်လျက်ချည်းမှတ် ရှင်းပလား . . . (ရှင်းပါပြီ) လောကီအလုပ်မှာ ဘယ်နှစ်ခုလိုက်သလဲ . . . (သုံးခုပါ)။

သုခတွေ့ရင် ဘာလိုက်သတုံး . . . (လောဘ) ဒုက္ခတွေ့ရင် (ဒေါသ) ဥပေက္ခာတွေ့ရင် . . . (မောဟ) အဲဒါ ခင်ဗျားတို့ လောကီအလုပ်မှာလည်း ဒါတွေလိုက်နေတာပဲ။

အဲတော့ ဒီဝေဒနာတွေ့နေတဲ့ပုဂ္ဂိုလ်ဟာ လောကီအလုပ်လုပ်နေတဲ့ ပုဂ္ဂိုလ်နဲ့ ဦးစံရီတို့ ထူးခြားသေးရဲ့လား . . . မထူးခြားပါဘူး၊ ဦးခင်မောင် . . . (မထူးပါဘူး)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဘာလိုက်မှ တည့်မလဲ (အနိစ္စလိုက်မှပါ ဘုရား) မဂ်လိုက်မှ ကိုက်မယ် ရှင်းပလား၊ လောဘ၊ ဒေါသ။ မောဟလိုက်လို့ . . . (မကိုက်ပါ) မကိုက်ဘူး၊ ဘာလိုက်မှ . . . (မဂ်လိုက်မှ) မဂ်လိုက်မှဆိုတော့ ဒီကဝေဒနာတွေ့ရုံနဲ့ မဂ်မလိုက်ဘူး၊ ဘာတွေ့မှလိုက်မလဲ . . . (အနိစ္စတွေ့မှပါ)။

ကောင်းပြီ ဒါဖြင့် ဒီဥစ္စာ ဒကာဒကာမတွေ ယနေ့ ရှင်းရှင်းလင်းလင်းပြောလိုက်မယ်၊ ဒီအထဲမှာ ခင်ဗျားတို့ ရှုတဲ့ အချိန် ဝေဒနာကို ဘာမှမရှိစေနဲ့ ဟင်၊ သုခဝေဒနာလည်း မရှိစေနဲ့ သဘောကျပလား (ကျပါပြီ)။

## ဘုရားအလိုတော်က အနိစ္စတွေ့စေချင်တယ်

ဒီအထဲမှာ (သုခဝေဒနာ) ဒီမှာကော (ဒုက္ခဝေဒနာ) မရှိစေနဲ့ ရှိစေချင်တာက ဘုရားအလိုက ဘာပါလိမ့် (အနိစ္စ) အနိစ္စပဲတွေ့စေချင်တယ် ဘုရားအလိုက ဘာတွေ့စေချင့် ပါလိမ့် . . . (အနိစ္စပါဘုရား)။

အနိစ္စဆိုတာက ဒီနေရာမှာ ရှိသေးရဲ့လား . . . (မရှိပါဘုရား) အဲဒီမရှိတာတွေ့စေချင်တယ်၊ ဝေဒနာကို မတွေ့စေချင်ဘူး၊ သဘောကျပလား . . . (ကျပါပြီ)။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာ ဖြစ်ပျက်သွားပြီဆိုဒါကို တွေ့စေချင်တယ်၊ ဒီနေရာမှာ ဖြစ်ပျက်သွားပြီဆိုတာကို (တွေ့စေချင်တယ်) ဒါဖြင့် ဒီကမရှိတာ ဒီကမရှိမှန်းသိတာ ရှေ့က ဘာပါလိမ့် . . . (မရှိတာ) နောက်ကဟာက (မရှိမှန်းသိတာ)။

## မရှိတာမရှိမှန်းသိပါ

မရှိတာ၊ မရှိမှန်းသိပြီဆိုတော့ ဒကာဒကာမတို့ မရှိတာ မရှိမှန်းသိတဲ့ပုဂ္ဂိုလ်ဟာ စားချင်မှုလောဘ လာပါ့ မလား . . (မလာပါဘုရား) သဘောကျပလား . . (ကျပါပြီ)။

ဘယ်နှယ်ကြောင့် စားချင်မှုလောဘမလာပါလိမ့် . . . (မရှိတာမရှိမှန်းသိလို့ပါ) မရှိတာမရှိမှန်းသိတဲ့အတွက် လောဘမလာဘူး၊ မရှိတာမရှိမှန်းသိနေတဲ့ အကြွင်လင် မယားသည် ဒေါသကော ဖြစ်သေးရဲ့လား (မဖြစ်ပါဘုရား) ကိုင်း မပေါ်သေးဘူးလား . . . (ပေါ်ပါပြီ)။

မရှိတာမရှိမှန်းသိရင် လောဘလည်းမလာဘူး၊ မရှိတာ မရှိမှန်း သိနေကြရင် (လောဘမလာပါ) ခိုးဝှက်ထား တာရှိရင် ရန်ဖြစ်မယ် မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား) ဒါဖြင့် မရှိတာ မရှိမှန်းသိရင် (လောဘမလာပါ) ဒေါသလည်း မဖြစ်ဘူး လောဘကော . . . (မဖြစ်ပါ)။

www.burmeseclassic.com

www.burmeseclassic.com


ဥပေက္ခာလည်း ထိုနည်းအတူပဲ မမြင်တာမမြင်မှန်း သိနေလို့ ရှိရင်ဖြင့် (မောဟမလာပါ) မမြင်တာမမြင်မှန်းသိတဲ့ဟာ ချုပ်သွားလို့ မမြင်တော့ဘူး ဆိုကတည်းကိုက မမြင်တာ မမြင်မှန်းသိတယ်ဆိုတည်းက အမြင်ကန်းလားဆိုတာ လာစရာလိုသေးလား . . . (မလိုပါဘုရား)။

သဘောကျပလား . . . (ကျပါပြီ) ဒါဖြင့် ဒကာဒကာမတို့ မရှင်းသေးဘူးလား . . . (ရှင်းပါပြီ)။

## ရှုတိုင်းဝေဒနာပျောက်ရမယ်

ဒါဖြင့် ရှုတိုင်းရှုတိုင်း ဝေဒနာပျောက်ရမယ်၊ ရှုတိုင်းရှုတိုင်းဘာပါလိမ့် . . . (ဝေဒနာပျောက်ရပါမယ်ဘုရား)။

ဒကာဒကာမတို့ ရှုတိုင်းရှုတိုင်း ဝေဒနာပျောက်ရမယ်ဆိုတော့ ဒီဝေဒနာသည် နာမည်နဲ့တကွ ပျောက်ရမှာလား အထည်ပါပျောက်ရမှာလား . . . (အထည်ပါပျောက်ရမှာပါဘုရား) သဘောကျပလား . . . (ကျပါပြီ)။

ဘာပျောက်ရမလဲ . . . (အထည်ပါပျောက်ရမှာပါ) နဂိုကတော အထည်ရှိသလား . . . (မရှိပါ) အဲ မရှိတာလေး၊ နဂိုကလည်း အထည်မရှိတဲ့အထဲမှာ သတ္တိပါမရှိတာမြင်အောင် ကြည့်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com


သဘောကျတယ်နော်၊ နဂိုကလည်း အထည်ရှိရဲ့လား . . . (မရှိပါ) နို့ဘာကိုမြင်အောင်ကြည့်ရမှာပါလိမ့် . . (သတ္တိပါ) သတ္တိတောင်မရှိတော့ဘူး အကုန်ရုပ်သိမ်းသွားပြီ အနိစ္စမှစစ်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ မလာသင့်ဘူးလား ? (လာသင့်ပါတယ်)။

ဘာများရှာတွေ့သေးလဲ . . . (မတွေ့ပါ) ဒီအိမ်မှာ ဗုံးကျလိုက်တာ သားရော၊ သမီးရောပစ္စည်းရော အိမ်ကော မြေရော ဘာမှမကျန်ရစ်ခဲ့ဘူးလို့ ဆိုသဖြင့် ဒကာဒကာမတို့ ဘယ်ဟာသာယာသေးသလဲ (ဘယ်ဟာမှ မသာယာပါဘူး)။

ထိုနည်းတူပဲတဲ့ ဝေဒနာတစ်ခုချုပ်သွားတယ်ဆိုရင် ဘာမှမကျန်ရစ်တာ ခင်ဗျားတို့ မြင်အောင်ကြည့်ပါ ဆိုထိုက်သလား (ဆိုထိုက်ပါတယ်) အဲဒီကဲ့သို့ ဆိုထိုက်တော့ ဒကာဒကာမတွေ မရှိတာက ဘာခေါ်ကြမယ် (အနိစ္စပါ) မရှိမှန်းသိတာက . . . (မဂ္ဂပါ) အဲဒါမှမင်ဖြစ်မယ်တဲ့။

ဒီကရှိနေရင် ဝေဒနာပစ္စယာတဏှာ၊ တနည်းအဲတ္တိပစ္စယောသွားဖြစ်မယ်၊ အတ္ထိပစ္စယောရှိသည်ဖြစ်၍ ကျေးဇူးပြုသည့် တရားသည်လည်ကောင်းဆိုတော့ မခက်သေးဘူးသား . . . (ခက်ပါတယ်)။

www.burmeseclassic.com

www.burmeseclassic.com


## ဝေဒနာအပေါ်မှာ ဘာသံမှမထွက်စေနဲ့

ရှိရင်ကျေးဇူးပြုမှာပဲ၊ မရှိတော့ . . . (ကျေးဇူးမပြုပါဘူး) ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဝေဒနာရှုတိုင်း ရှုတိုင်း ဒီနေ့ညမှာ ရှင်းရှင်းပြောနေတာ သဘောကျပလား (ကျပါပြီ) ဘယ်လိုကျသလဲ (ဝေဒနာအပေါ် ဘာသံမှ မထွက်နဲ့ပါ) ဝေဒနာအပေါ် ဘာသံမှမထွက်စေနဲ့ (မှန်ပါ့)။

သုခသံကော ဘာသံမှ မထွက်စေနဲ့ ဒုက္ခသံကော (မထွက်ရပါ) ဥပေက္ခာသံကော . . . (မထွက်ရပါ) ဘာသံမှ မထွက်စေနဲ့ မရှိတာပဲ သိရမှာပဲ ဒီနေရာ ခုနက ဒီဓမ္မလေး ရှိတယ် အခုမရှိဘူးလို့ သိရင် တော်ပြီ၊ သဘောကျပလား . . . (ကျပါပြီ)။

ဒီနေရာမှာ နဂိုက သုခသဘောကလေးရှိတယ်၊ အခု ရှာတွေ့တဲ့အခါ သုခနဲ့ပတ်သက်တာ လုံးဝမတွေ့၊ ဒီနေရာ ဒုက္ခကလေးရောက်တယ်၊ ဦးစံရီ၊ ကြည့်လိုက်တဲ့အချိန်မယ်၊ ဒုက္ခနဲ့ပတ်သက်တာ လုံးဝမတွေ့။

မျက်လုံးထဲ ဥပေက္ခာဖြစ်တယ်၊ နားထဲဥပေက္ခာ ဖြစ်တယ်၊ ဟုတ်တယ် မဖြစ်မရှိပါဘူး၊ ဒါတွေ ဝိတက်တွေပဲ ဖြစ်ရမှာပဲ ထိုကဲ့သို့ ဝိတက်တရားတွေကို ရှာလိုက်တဲ့အခါ ကျတော့ ဥပေက္ခာအရိပ်အငွေ့များ တွေ့သေးသလား (မတွေ့ပါဘူး)။

www.burmeseclassic.com

www.burmeseclassic.com


ဘာတွေ့သလဲ ခင်ဗျားတို့ (အနိစ္စတွေ့ပါတယ်) အနိစ္စပဲတွေ့တယ် အနိစ္စတွေ့တော့ကို ဒကာဒကာမတို့ အနိစ္စဖြစ်လို့ရှိရင်ဖြင့် ဒီဟာ မဂ္ဂဖြစ်ရမှာသေချာတယ်၊ ဦးဘအုံး မသေချာဘူးလား.(သေချာပါတယ်)။

အနိစ္စမတွေ့ရင်တော့ဖြင့် (မဂ္ဂမဖြစ်ပါ) မဂ္ဂမဖြစ်ဘူး၊ ဝေဒနာဆိုတာ အနိစ္စပဲ၊ ဒုက္ခဝေဒနာလည်း အနိစ္စပဲ၊ သုခဝေဒနာကော (အနိစ္စပဲ) ရှုနေရင်တော့ဖြင့် အနိစ္စ၊ ဥပေက္ခာဝေဒနာကော . . . (အနိစ္စ)။

အဲတော့ ဘုရားသည် ပဋိစ္စသမုပ္ပါဒ် ဟောတဲ့အခါမှာ ရှိတုံးဟောတာလား မရှိပဲနဲ့ဟောတာလား။ ဝေဒနာပစ္စယာ တဏှာရှိတုန်းဟောတာ သဘောကျပလား။

ဝေဒနာသာရှိနေမယ်၊ ဝေဒနာသာရှိနေမယ်ဆိုရင် ဘာတဲ့ . . . (တဏှာလာမှာပါ) ဒုက္ခဝေဒနာပစ္စယာ (ဒေါသ) ဥပေက္ခာဝေဒနာပစ္စယာ (မောဟ) ဒါရှိတုန်းဟောတာလား၊ မရှိဘဲနဲ့ ဟောတာလား. . . (ရှိတုန်းဟောတာပါ)။

အင်း- ဒါဖြင့်လောဘ ဒေါသ မောဟဆိုတာဟာ သူတို့ဝေဒနာသဘောရှိနေရင် လာမှာပဲ၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဝေဒနာသဘောရှိနေရင် . . . (လာမှာပါ)

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာသဘော အကုန်စွန့်ပါ

ကိုင်းဝေဒနာသဘောအကုန်စွန့် ဘာလာမလဲ . . . (အနိစ္စ) အနိစ္စတွေ့တယ် ဝေဒနာသဘောအကုန်စွန့်ရင် လောဘ၊ ဒေါသ၊ မောဟ၊ လာမလား မလာဘူးလား . . . (မလာပါဘုရား) ဘာလာမတုံး . . . (မဂ်လာမယ်) မဂ်လာမယ်၊ ဒါကြောင့် ဝေဒနာသဘောမစွန့်ရင် လောဘ၊ ဒေါသ မောဟလာမယ်။

ဝေဒနာသဘောကို စွန့်အောင်ရှုနိုင်တဲ့ ဒကာဒကာမ ဖြစ်ခဲ့လို့ရှိရင် ဘာလာမလဲ . . . (မဂ်လာမယ်) ဒါဖြင့် မဂ်ရဖို့ဟာသည် ခင်ဗျားတို့ နည်းကောင်းပေးလိုက်မယ် ကိုကြိုင် ဒီနည်းမကောင်းဘူးလား (ကောင်းပါတယ်)။

## ရှုဖို့ဟောတဲ့တရား

ကဲဒါဖြင့် ဒီပြင်တရားတွေနဲ့လည်း ရှုပ်ထွေးမနေနဲ့တဲ့၊ နောက်ဆုံးပိတ် တစ်နေ့မှာ၊ သဗ္ဗေသင်္ခါရာ၊ အနိစ္စလို့ ဘုရားဟောတော်မူသောကြောင့် ရှုစရာကဖြင့် အနိစ္စလို့ ရှုလိုက်ပါ။

သဗ္ဗေသင်္ခါရာဒုက္ခလို့ ဟောသောကြောင့် ရှုစရာက . . . (ဒုက္ခပါ) သဗ္ဗေဓမ္မာအနတ္တာလို့ ဟောသောကြောင့် (အနတ္တ) သဘောကျပလား (ကျပါပြီ)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဓဝဒနာပါသလား (မပါပါ) ရုပ်ပါသလား . . . (မပါပါ) ဒြော် ခန္ဓာငါးပါးပါသလား . . . (မပါပါဘူး) ရှုရမည့်နေရာဟောတော့လေ။ ဘာတွေချည်းဟောသလဲ . . . (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါ)။

အနိစ္စဒုက္ခ အနတ္တချည့်ဟောလေ့မရှိဘူးလား (ရှိပါတယ်) အဲတော့ရှုတဲ့နေရာဟောတာ . . . သဘောကျပလား (ကျပါပြီ)။

## သိဖို့ဟောတဲ့တရား

ဒါဖြင့် ခန္ဓာငါးပါး၊ အာယတန (၁၂) ပါး၊ ဓါတ် (၁၈) ပါးတွေ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတယ် မဟုတ်လားဘုရား၊ အေးအဲတာ ရှုတဲ့နေရာဟောတာ မဟုတ်ဘူး၊ သိဖို့ဟောထားတာ။

ဘယ်လိုပါလိမ့် . . . (ရှုတဲ့နေရာဟောတာမဟုတ်ဘူး သိဖို့ဟောတာပါဘုရား) ဒါဖြင့် သိဖို့ဟောတာကို ခင်ဗျားတို့က ရှုနေရင်လည်း လွဲလိမ့်မယ် ရှုဖို့ဟောတာကို သိနေရင်လည်း. . . (လွဲမှာပါဘုရား)။

ကဲ - အခုတော့ ကွဲကြပလား . . . (ကွဲပါပြီ) ရှုဖို့ဟောတာဘာလုပ်မယ် . . . (ရှုရပါမယ်) သိဖို့ဟောတာ ဘာလုပ်မယ် . . . (သိရပါမယ်)။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဟိုဘက်က ဉာတပရိညာ ဒီဘက်ရှုရမှာက တိရဏ ပရိညာ မခွဲဘူးလား . . . (ခွဲရမှာပါ) ဒါဖြင့် ဒကာဒကာမတွေ ယနေ့ည ကောင်းကောင်းမရှင်း သေးဘူးလား . . . (ရှင်းပါတယ်)။

ကောင်းပြီ ဒါနဲ့ အဩဇကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းသည်ကားလို့ ဆိုရင်ကွာတဲ့ အာနာပါနလေးနဲ့ မင်းသည်ကားလို့ ဆိုရင်ဖြင့် တရားအားထုတ်လို့မရတာနဲ့ အားမငယ်ပါနဲ့ကွာတဲ့။

ဘယ်သူကပြောသလဲ (မြတ်စွာဘုရားကပြောပါတယ်) မင်း အာနာပါနက ဘာမှအရေးမကြီးပါဘူးတဲ့ ငါဘုရားသာသနာတော်မှာ အနှစ်ကယ်လို့ ငါဟောတာမဟုတ်ပါဘူး။

ရဟန်းတွေမှာလည်း အာနာပါန ကျင့်ရုံနဲ့ အကျင့်ကောင်း၊ အကျင့်ဆုံးလို့ အကျင့်မြတ်လို့ ငါဘုရား မဟောပါဘူး၊ အဲတော့ ငါဘုရား ဟောတာ မင်းမှတ်စမ်းပါဆိုတော့ ခုနင်က ပြောခဲ့တာဟောတယ် ရိပ်မိပလား . . (ရိပ်မိပါပြီ)။

## ဝေဒနာကင်းအောင်ရှု

ဘာတွေဟောပါလိမ့် . . . (ဝေဒနာ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား) ဝေဒနာတောင်မှ မထည့်ဘူး၊ ဝေဒနာကို

www.burmeseclassic.com

www.burmeseclassic.com



ရှုတိုင်း ရှုတိုင်း ဝေဒနာကင်းပါပြီကွာတဲ့ ပါဌိတော်က။

သို့သော် ပါဌိရွတ်နေလည်း အပိုဖြစ်နေတယ် ခင်ဗျား တို့က ဝေဒနာကင်းအောင်ရှု သုခဖြစ်ရင် ဘာကင်းရမလဲ (သုခကင်းရပါမယ်) သုခဝေဒနာကင်းအောင်ရှု ဒုက္ခဖြစ်ရင် (ဒုက္ခဝေဒနာကင်းအောင်ရှုရပါမယ်) ဥပေက္ခာဖြစ်ရင် . . . (ဥပေက္ခာဝေဒနာကင်းအောင် ရှုရပါမယ်)။

ဒါဖြင့် သူတို့ဝေဒနာတွေ ကင်းသွားတဲ့အခါ ဘာကျန်ရစ်လဲ (အနိစ္စကျန်ပါတယ်) အေး သူတို့ဝေဒနာတွေ ကင်းသွားတယ်ဆိုကတည်းက အနိစ္စပဲ ကျန်ရစ်တယ် ရှင်းပလား . . . (ရှင်းပါပြီ) ဘာကျန်ရစ်ပါလိမ့် . . . (အနိစ္စကျန်ရစ် ပါတယ်)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ယနေ့ အဿဇိကို အထူးပါလား ဝေဒနာကင်းအောင်ရှု ဝေဒနာ ကင်းအောင်ရှုဆိုတာ ဘုန်းကြီးလည်း ယနေ့ရှင်းရှင်းပြောနေ တယ်၊ ဦးဘအုန်းရေ ကျေနပ်ပလား (ကျေနပ်ပါပြီ)။

နောက်က ဒကာဒကာမတွေ ဘယ်လိုရှုကြမလဲ (ဝေဒနာကင်းအောင် ရှုရမယ်) ဝေဒနာကင်းအောင်ရှုဆို တော့ သုခလည်းမပါဘူး ဒုက္ခ . . . (မပါပါဘုရား) ဥပေက္ခာ . . . (မပါပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဝေဒနာကင်းတယ်ဆိုကတည်းက ဒီနေရာမှာ နဂိုကဝေဒနာ ဝေဒနာကင်းရင် ဘာတုံး . . . (အနိစ္စပါ) ပေါ်ပလား (ပေါ်ပါပြီ)။

ဒီနေရာ ဒုက္ခဝေဒနာပေါ်တယ် သူကင်းအောင်ရှု (တင်ပ) ဒါဖြင့် သူမရှိတာရှုပေါ့၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဉပေက္ခာဝေဒနာကိုလည်း ဉပေက္ခာဝေဒနာမတွေ့စေနဲ့ ဒကာဒကာမတို့ ဘယ်လိုလုပ်ရမလည်း သူမရှိအောင်ရှု။

## ဝေဒနာကင်းရင် အနိစ္စနောက်ကမဂ္ဂ

သူမရှိအောင်ရှုတော့ ဘာဖြစ်မယ် (အနိစ္စ) အနိစ္စတွေ့တော့ ခင်ဗျားတို့မသေချာဘူးလား . . . (သေချာပါတယ်) သေချာတော့ အနိစ္စနောက်က ဘာလိုက်လာမလဲ . . . (မဂ္ဂပါ) ကောင်းပြီ ဒါမှတ်ထား၊ ဒါမဂ္ဂင်ရှစ်ပါးလိုက်တယ်၊ မရသေးရင် ငါးပါးပေါ့ဗျာ (မှန်ပါ့)။

ရပြီးသားဖြစ်ခဲ့သော် (ရှစ်ပါးပါ) ရှစ်ပါးလိုက်တယ် လို့ထားလိုက်တော့ ဒီရှစ်ပါးဘာလုပ်သလဲလို့ မေးခွန်းထုတ်ဖို့ မလိုဘူးလား (လိုပါတယ်) ဦးစံရီ မလိုဘူးလား (လိုပါတယ်) လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီရှစ်ပါးက ဒီကလာတဲ့ ပဋိစ္စသမုပ္ပါဒ် ဖြတ်တာပဲ၊ ဒီကလာမည့် ပဋိစ္စသမုပ္ပါဒ်ကော (ဖြတ်ပါတယ်) ဒီကလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကော (ဖြတ်ပါတယ်) သဘောကျပလား (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဒီကလာတဲ့ ပဋိစ္စသမုပ္ပါဒ်က သုခဝေဒနာပစ္စယာ ဘာတုံး (တဏှာပါဘုရား) တဏှာဆိုတော့ တဏှာတင်ရပ်ကဲ့လား (မရပ်ပါဘုရား)။

တဏှာတင်ရပ်ကဲ့လား (မရပ်ပါ) ဥပါဒါန်၊ ဘဝ၊ သူကလာမည့် ပဋိစ္စသမုပ္ပါဒ် ဘယ်နှယ်နေမလဲ (ဖြတ်ပါတယ်) ရှုတဲ့ပုဂ္ဂိုလ်မှာ သဘောကျပလား (ကျပါပြီ)။

ဒီကလာတဲ့ မရှိတာ ရှုနိုင်တဲ့ ဒကာဒကာမတွေ ဒီကလာရင် ဒေါသမလာပေဘူးလား . . . (လာပါတယ်) အဲဒီဒေါသလာခွင့်ပေးသေးသလား . . . (မပေးပါ)။

ဒေါသလာရင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဇာတိ ဇရာ မရဏ မဆက်ပေဘူးလား. . . (ဆက်မှာပါ)။

ဘာဖြစ်လို့ဆက်ပါလိမ့် အရှုလွဲလို့ပေါ့ဗျာ ဝေဒနာရှုလည်း လွဲဦးမှာပဲ။ သူမရှိတာ ရှုနိုင်ရင်တော့ (ပြတ်ပါတယ်) အင်း ဘယ်သူ့ကြောင့် ပြတ်ပါလိမ့် (မဂ်ကြောင့်ပါ)

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂကြောင့်ပြတ်တယ်ဆိုတာ ဒကာဒကာမတွေ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ဘယ်လိုပုဂ္ဂိုလ်မင်္ဂရထိုက်သတုံး

ဒါဖြင့် ခင်ဗျားတို့ မင်္ဂသည်ကားလို့ဆိုလို့ရှိရင် ဒကာဒကာမတို့ ဘယ်လိုပုဂ္ဂိုလ်ရထိုက်သတုံးလို့ မေးကြည့်စမ်း (ရှုတဲ့ပုဂ္ဂိုလ်ပါ) ပေါ်ပြီ သဘောကျပလား . . . (ကျပါပြီ)။

မင်္ဂဟာ ဘယ်လိုပုဂ္ဂိုလ်ရထိုက်သတုံးလို့ မေးကြည့်တော့ ဩော် ရှုတဲ့ပုဂ္ဂိုလ်ရထိုက်တယ်၊ ဆုတောင်းတဲ့ ပုဂ္ဂိုလ် . . (မရပါဘူး) ဘယ်လိုပုဂ္ဂိုလ်ရထိုက်ပါလိမ့် . . . (ရှုတဲ့ပုဂ္ဂိုလ် ပါဘုရား)။

ဒါခင်ဗျားတို့က ရှုလည်းမရှုပဲနဲ့ ဘုရားရှေ့သွားပြီး မပေးနိုင်တဲ့ပစ္စည်း တောင်းတာနဲ့တူနေပြီ ဘုရားရှေ့သွားပြီး ဘာတောင်းသလဲ . . . (မပေးနိုင်တဲ့ပစ္စည်း တောင်းပါတယ်) မပေးနိုင်တဲ့ပစ္စည်း တောင်းတော့ အတော်ခက်တယ်။

တပည့်တော် မအိုရပါစေနဲ့ဘုရား၊ မနာရပါစေနဲ့ဘုရား၊ မသေရပါစေနဲ့ သွားတောင်းတော့ ရပ့်မလား . . . (မရပါဘုရား) ဆုမပြည့်နိုင်တာက ဒကာဒကာမတို့ အို နာ သေ ဆိုတာ ဘယ်လိုတောင်းတောင်း မအိုရပါစေနဲ့ မနာ

www.burmeseclassic.com

www.burmeseclassic.com



ရပါစေနဲ့ မသေရပါစေနဲ့ မမွဲရပါစေနဲ့၊ မကွဲရပါစေနဲ့ဆိုတာ မပြည့်ထိုက်ဘူး။

ဘယ်သူ့ဆီတောင်းတောင်း မပြည့်ဘူး၊ ဟုတ်လား (မှန်ပ့ါ) သို့သော် ဒကာဒကာမတွေ ဘုရားလည်း အားမနာ ဘာလည်း အားမနာနဲ့ ဒီသားဒီသမီးနဲ့ အိုအောင်မင်းအောင် ပေါင်းရပါစေ မခွဲပါရစေနဲ့လို့ လာချင်သေးတာ မလာဘူး လား လာသလား (လာပါတယ်)။

အဲဒါတွေက ပြည့်နိုင်တဲ့သဘောလား မပြည့်နိုင်တဲ့ သဘောလား (မပြည့်နိုင်တဲ့ သဘောပါ) မပြည့်နိုင်တဲ့ သဘောတဲ့၊ အခုဆုတောင်းလို့ မပြည့်နိုင်တာက အို,နာ,သေ, မွဲ, ကွဲ, ဒါတွေဆုတောင်းလို့ပြည့်ရဲ့လား (မပြည့်ပါ)။

မအိုရပါစေနဲ့ ရရဲ့လား. . . (မရပါ) မနာရပါစေနဲ့ (မရပါ) မသေရပါစေနဲ့ (မရပါ) မမွဲရပါစေနဲ့. . . (မရပါ) မကွဲရပါစေနဲ့ (မရပါ)

ဘာဖြစ်လို့ မရသတုံး. . . ပင်ကိုသဘော ခန္ဓာရှိရင် ဒီငါးခုက အမြဲရှိရမယ်၊ သဘောကျပလား. . . (ကျပါပြီ) ဒါဖြင့် ဒကာဒကာမတို့ ရှုနည်းသေချာပလား (သေချာပါပြီ) ဘယ်လိုသေချာတာတုံး (အနိစ္စတွေ့အောင် ရှုရပါမယ်)။

ကောင်းပြီဒါလေးတစ်ချက်ကို လုံးလုံးမှတ်ထားပါ မသေခင်က မှတ်ထားရမယ် ဝေဒနာကို မပေါ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ရှုရမယ် ဝေဒနာကင်းအောင်သာရှုပေး သဘောကျပလား (ကျပါပြီ)

## ဝေဒနာတွေ့နေရင်မဂ်မရသေးဘူး

တပည့်တော်ဝေဒနာတွေ့သေးတယ်လို့ ခင်ဗျားတို့စိတ်ထဲမှာပေါ်လာသေးလို့ရှိရင်ဖြင့် ငါမဂ်မရသေးဘူးလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပလား. . . (ရှင်းပါပြီ) ဝေဒနာတွေ့နေရင် (မဂ်မရသေးပါဘုရား)။

အဲတော့ကိုး ဝေဒနာမတွေ့ပဲနဲ့ ဘာတွေ့ဖို့ အရေးကြီးသလဲ (အနိစ္စတွေ့ဖို့ အရေးကြီးပါတယ်) အနိစ္စဆိုတာ ဒကာဒကာမတို့ မှတ်ပေတော့ ဝေဒနာကင်းတာတွေ့တာ။

ဝေဒနာတွေ ရှုတုန်းကတော့ ဝေဒနာပဲ ခန္ဓာကိုယ်ပေါ် ပေါ်တုန်းကတော့ ဘာပါလိမ့်. . . (ဝေဒနာပါဘုရား) သို့သော်သူကင်းသွားတဲ့အခါမှာ ဒီနေရာမှာ ဝေဒနာသဘောကို ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ဒါဖြင့် ဝေဒနာသဘောမရှိရင် ဘာရှိပါလိမ့် (အနိစ္စသဘောရှိပါတယ်) အနိစ္စပဲရှိတယ် ဒါဖြင့်ဘယ်ဝေဒနာမဆို ဒကာဒကာမတွေ ဒီအတိုင်းမနေဘူးလား . . . (နေပါတယ်)

www.burmeseclassic.com

www.burmeseclassic.com


အဲဒီအချိန်မှာ အသဃဇ၊ မင်းသည်ကားလို့ဆိုရင်ဖြင့် မင်းပြောတဲ့သမထကို ငါက အနှစ်သာရရယ်လို့လည်း မယူ ရဟန်း၏အကျင့်လမ်းဆုံးလို့လည်း ငါကမင်းကိုမဟောပါဘူး။

## ဝေဒနာကင်းအောင် ရှုနိုင်ရင် ကိစ္စပြီးတယ်

ဟောဒီဝေဒနာတွေကိုမင်းက ဝေဒနာကင်းအောင် ရှုနိုင်လို့ရှိရင်ဖြင့် မင်းကိစ္စပြီးပါတယ်။

ဘယ်သူဟောတာလဲ (အသဃဇကိုဟောတာပါ) ဘယ်လိုဟောပါလိမ့် (ဝေဒနာကင်းအောင် ရှုနိုင်ရင် မင်းကိစ္စ ပြီးပါတယ်)။

ဝေဒနာကို ဝေဒနာကင်းအောင် ရှုနိုင်ဖို့ဆိုတော့ အားလုံး ဒကာဒကာမတွေ တော်တော်အကြားခက်တဲ့ စကားနော်၊ လွယ်တဲ့စကားလို့ ခင်ဗျားတို့ မထင်နဲ့။ ဘယ်လို မလွယ်သလဲ. . . (ဝေဒနာကို ဝေဒနာကင်းအောင်ရှုဖို့ပါ)။

ဝေဒနာလည်း ရှုခိုင်းသေးရဲ့ ဝေဒနာကင်းအောင်ရှု၊ အခုတော့ဖြင့် ဆရာသမားကလည်း ထပ်ပြန်တလဲလဲပြော ခင်ဗျားတို့ကလည်း ဉာဏ်ရည်ကဝလာတော့၊ ဆရာဘုန်းကြီး ပြောတာ ဟုတ်တယ်လို့ယုံတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဆရာဘုန်းကြီးပြောတာ၊ ဘုရားဟောတော်မူတာကို အကုန်ကိုးစားပြီးသကာလ သေသေချာချာပြောတာပဲဆိုတာ သိသဘောကျပလား. . . (ကျပါပြီ)

ကောင်းပြီဝေဒနာကင်းအောင် ရှုဆိုတာ ဘာပါလိမ့် ဒကာဒကာမတို့ (အနိစ္စမြင်အောင်ပါ) အနိစ္စမြင်အောင်ရှု၊ သဘောကျပလား. . . (ကျပါပြီ) ဝေဒနာကိုပါသေးရဲ့လား (မပါပါဘူး)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး လိုချင်ရင်း ကော နေပါကြပလား၊(ပေါ်ပါပြီ) ဘယ်လိုပေါ်ပါလိမ့်. . . (အနိစ္စမြင်အောင်ရှုပါဘုရား) အနိစ္စမြင်အောင်ရှုဆိုတော့ ဒါဖြင့်ရုပ်ရှုတဲ့ ပုဂ္ဂိုလ်. . ရုပ်တရားမြင်အောင်ရှု သဘော ကျပလား (ကျပါပြီ)။

စိတ်ရှုတဲ့ပုဂ္ဂိုလ်က (စိတ်တရားမြင်အောင်ရှုပါ) ရှင်းပလား (ရှင်းပါပြီ) ကောင်းပြီ ဒကာဒကာမတို့ ဩော် ဒါမှသာလျှင် နဂိုရှိပေါ်မှာပဲ၊ နို့မို့လို့ရှိရင် အနိစ္စတွေဟာ မငုပ် ပေဘူးလား ငုပ်မလား. . . (ငုပ်မှာပါဘုရား)။

ဝေဒနာတွေ့နေရင် ဘယ်သူငုပ်တုံး. . . (အနိစ္စ ငုပ်ပါတယ်) ဝေဒနာ မတွေ့တော့ဘူးဆိုရင် ဘယ်သူပေါ်လာ မလဲ (အနိစ္စပေါ်လာပါတယ်)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အငုပ်နဲ့အပေါ်ပေါ်နေတာ၊ ဒါဖြင့် ဒကာ ဒကာမတွေ ရှုတိုင်းရှုတိုင်း ဘာတွေ့အောင် ရှာရမလဲ. . . (အနိစ္စတွေ့အောင် ရှာရပါမယ်)။

အနိစ္စဆိုတာ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာ ကင်းအောင် ရှုနိုင်ရင် အနိစ္စတွေ့မှာပဲ ဝေဒနာကင်းအောင် မရှုနိုင်သေးရင်. . . (အနိစ္စမတွေ့ပါ) သဘောကျပလား (ကျပါပြီ)။

အဲဒီတင်မှ အသဉ်ဇိတဲ့ မင်းဒါရှုပါကွ ဝေဒနာကင်း အောင် မင်းရှုစမ်းပါ သဘောကျကြပလား. . . (ကျပါပြီ) အသဉ်ဇိ ဘယ်နှယ်ပေါပါလိမ့်. . . (ဝေဒနာကင်းအောင် ရှုဖို့ပါ)။

## အသဉ်ဇိရဟန်းဝေဒနာကင်းအောင်ရှုတယ်

ဒါဖြင့် ဝေဒနာကင်းအောင်ရှုပါဆိုတဲ့အတိုင်း အသဉ်ဇိကရှုတာပဲ၊ ရှုလိုက်တော့ကွာတဲ့၊ ဝေဒနာဆိုတာ ဒီလိုပါတဲ့ ကိုယ်ရယ်ရှုစရာတွေနဲ့တွေ့တော့ ဒုက္ခဿကာယ ဝိညာဏ် မပေါ်ဘူးလား (ပေါ်ပါတယ်) သုခတွေကော (ပေါ်ပါတယ်)။

ကောင်းပြီ ကွာတဲ့ဒီဥစ္စာတွေဟာ ဒါကအကြောင်း တရား၊ ဒါနှစ်ခုက အကြောင်းတရား ဝေဒနာက အကျိုး

www.burmeseclassic.com

www.burmeseclassic.com


တရား၊ သဘောကျပလား. . . (ကျပါပြီ)။

အကျိုးအနိစ္စကို မင်းမြင်ပါပြီတဲ့ ဝေဒနာဟာလည်း ဒီမှာ လမ်းဆုံးခဲ့ပြီဆိုသဖြင့် မင်းကညာဏ်တံမြက်စည်းလှဲလိုက်တော့ အကျိုးတရားတောင်မှ ပျက်စီးရသေးတာပဲ သူ့ကို ဖြစ်စေတတ်တဲ့တရားကလည်း ခုမှလာပြီးဖြစ်စေတော့ သူလည်း ယာယီဖြစ်စေတဲ့တရားမို့ ယာယီအနိစ္စ (မှန်ပါ) ဒီဘက် ကကော (ယာယီအနိစ္စ)။

သူကလည်း ပေါ်လာတဲ့တရားကလည်း ယာယီပဲ သူဘယ်နှယ်ဆိုကြမလဲ. . . (ယာယီပါ) ဒီဘက်က ရုပ်နှစ်ခုလည်းချုပ်၊ ဒီဘက်ကကော ဝေဒနာကော (ချုပ်ပါတယ်)။

ကောင်းပြီတဲ့ ဒီလိုချုပ်သွားတော့ကိုတဲ့ ကိုယ်ရော၊ စိတ်ရော၊ ရုပ်ရော၊ နာမ်ရောချုပ်တာကွတဲ့၊ သဘောကျကြပလား (ကျပါပြီ) ဘာတွေချုပ်လဲ (ရုပ်ရောနာမ်ရော) ရုပ်ရောနာမ်ရောချုပ်တော့ ကိလေသာက ကျန်နေသေးသလား (မကျန်ပါဘူး)။

BURMESE CLASSIC

## ရုပ်နာမ်ချုပ်တော့ငြိမ်းအေးတယ်

ကောင်းပြီ ဒါဖြင့် ရုပ်ရောနာမ်ရောချုပ်တော့ ကိလေသာမကျန်တော့ အဲတာငြိမ်းအေးတဲ့ ပီတိဘူတဆိုတာ ဒါပဲ သဘောကျပလား. . . (ကျပါပြီ) ဒါဖြင့် ဒကာဒကာမ

www.burmeseclassic.com

www.burmeseclassic.com



တွေ ကောင်းကောင်း မှတ်မိပလား. .. (မှတ်မိပါပြီ) ဘာကို မှတ်မိတာလဲ. . . (ဝေဒနာကင်းအောင်ရှုပါ) အရေးအကြီးဆုံးက ဒါတစ်ချက်တည်း ဒီနေ့ပြောနေတာ (မှန်ပါ)။

## ဒီသုံးချက်မှတ်ကြပါ

တစ်နံပါတ်အရေးကြီးတာ သေခါနီးမှာ ဝိပ္ပဋိသာရ မလာရအောင်ဒါလုပ် တစ်နံပါတ်က။

နှစ်နံပါတ်က သမထဟာအကာ၊ ဝိပဿနာက (အနှစ်ပါ)။

သုံးနံပါတ်က ဘုန်းကြီးလိုချင်ရင်း ဘုရားလိုချင်ရင်းကို ပြောရလို့ရှိရင် ဒကာဒကာမတို့ ဝေဒနာကင်းအောင်လုပ် သဘောကျပလား. . (ကျပါပြီ)။

ဒါဖြင့် ဒီနေ့ဘယ်နှစ်ချက်မှတ်ကြမယ်. . . (သုံးချက်ပါ) တစ်နံပါတ်ကဘာပါလိမ့်. . . သေခါနီးမှာ ကိုယ့်ခန္ဓာနဲ့ကိုယ် ကိုက်အောင်ရှု သဘောကျပလား. . . (ကျပါပြီ)။

နှစ်နံပါတ်က ဘာပါလိမ့်. . . (သမထဟာ အကာ၊ ဝိပဿနာက အနှစ်) အေး ဒါသိအောင်လုပ်ထား။

www.burmeseclassic.com

www.burmeseclassic.com



သုံးနံ့ပါတ်က (ဝေဒနာကင်းအောင်ရှူ) ဝေဒနာကင်းအောင်ရှူ၊ ဒါဖြင့် ဒီနေ့ အသဲဇါကို ဟောတဲ့နေရာမှာ သုံးချက်ထဲပါတယ်၊ သဘောကျပလား (ကျပါပြီ)။

ကဲ - ကနေ့ဒီတွင်တော်ကြဦးစို့။
သာဓု . . . သာဓု . . . သာဓု။

BURMESE CLASSIC

www.burmeseclassic.com